# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၅)


## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင် အမှာစကား ပြောကြားစဉ်။

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လထိ (၆) လအတွင်း စီမံကိန်းပါရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

## မိမိတို့နိုင်ငံအနေဖြင့် ပြည်ပကြွေးမြီရယူမှုကို လျှော့ချနိုင်စေရန် ပြည်တွင်းထုတ်ကုန် တိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ ချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊

*စာမျက်နှာ ၅ ကော်လံ ၁* ❐

# နိုင်ငံတော်၏ အရိပ်အာဝါသ

မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး ငွေကြေးလိမ်လည်ခံရခြင်းကြောင့် နေရပ်သို့ပြန်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် မြန်မာနိုင်ငံသား ၁၇ ဦးကို နိုင်ငံတော်က ကုန်ကျစရိတ်ကျခံ၍ ပြန်လည်ခေါ်ယူခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုမတွေ့ရှိရသူ သုံးဦးသည် စက်တင်ဘာ ၆ ရက် ညနေပိုင်းတွင်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၄ ဦးသည် ရောဂါပြန်လည်ပျောက်ကင်းပြီးနောက် စက်တင်ဘာ ၂၁ ရက် ညနေပိုင်းတွင်လည်းကောင်း အမိမြေသို့ ချောမောစွာ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ရေခြား မြေခြား သူတစ်ပါးနိုင်ငံမှ ပြန်လိုပါလျက် အပြန်ခက်ခဲ့သူတို့၏ ဒုက္ခအခက်အခဲများကို နားလည်စာနာစွာဖြင့် အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေးအတွက် စက်တင်ဘာ ၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်တိုင်းရင်းသားတော့ ကိုယ့်မြန်မာပြည်ထဲရအောင် ပြန်ခေါ်မှာပဲ။ ပြန်လုပ်မှာပဲ။ မလေးရှားမှာလည်း ဒီလိုဖြစ်တာပဲ။ ပြီးခဲ့တဲ့ နှစ်ပတ်ကျော်လောက်က Relief Flight နဲ့ ပြန်ခေါ်ဖို့လုပ်တဲ့အချိန်မှာ စီစဉ်တဲ့ တိုင်းရင်းသားတွေမှာပဲ မြန်မာအချင်းချင်း လိမ်သွားတယ်ဗျာ။ လိမ်သွားတော့ ၁၇ ယောက်က အလိမ်ခံပြီး ကျန်ခဲ့ရတယ်။ မလိုက်နိုင်ဘူး။ ကျွန်တော့်ဆီ သတင်းပို့တော့ နိုင်ငံတော်စရိတ်နဲ့ ပြန်ခေါ်ဖို့ ပြောခဲ့ပါတယ်"ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ "ကိုယ့်လူမျိုးတွေ အပြင်မှာ သွားနေတာ ဒုက္ခ သုက္ခနဲ့ ဒီလိုနေမယ့်အစား ကိုယ့်တိုင်းပြည်အတွင်းမှာ ဘယ်လိုပဲဖြစ်ဖြစ် အေးအတူပူအမျှပေါ့ဗျာ၊ အေးအတူပူအမျှအားလုံး။ ကျွန်တော်တို့က၊ အစိုးရဆိုတာ အရိပ်ပါပဲ။ နိုင်ငံတော်ကို ပေးထားတဲ့ အရိပ်တစ်ခုပါပဲ။ ဒီအရိပ်က ပြည်သူပြည်သားတွေ အေးမြတဲ့ဟာကို ခံစားရအောင်ဆိုပြီး ကျွန်တော် ဒါလည်း ကျွန်တော်ဆုံးဖြတ်ပြီးတော့ ခေါ်ခိုင်းတာပါ"ဟူ၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၎င်း၏သဘောထားကို ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လာလိုပါလျက်နှင့် မပြန်နိုင်ဘဲ ဒုက္ခကြုံတွေ့နေရသူများကို ပြန်လည်ကူညီခေါ်ဆောင်ပေးခဲ့ရာတွင် ဖေဖော်ဝါရီလ ၂၇ ရက်က မလေးရှားရောက်မြန်မာ ၁၀၈၆ ဦးကို မြန်မာ့တပ်မတော်စစ်ရေယာဉ်မုတ္တမနှင့် ပြန်လည်ခေါ်ဆောင်ခဲ့ခြင်း၊ မတ်လ ၁၀ ရက်က အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ မြန်မာရေလုပ်သား ၇၀ ဦးကို တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းတို့မှသည် နှစ်နိုင်ငံနယ်နိမိတ်ချင်း ထိစပ်နေသော တရုတ်၊ လာအို၊ ထိုင်း စသည့်နိုင်ငံများမှ နယ်စပ်ဖြတ်ကျော်ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးမှ နေ၍ ကြိုဆိုလက်ခံခြင်း၊ ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးပေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသားများနှင့် စပ်လျဉ်း၍ လျစ်လျူရှု ပစ်ပယ်မထား။ အခက်အခဲများတွေ့ကြုံနေရပါက မြန်မာသံရုံးများ၊ စစ်သံရုံးများ၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်နိုင်ကြသည်။ နိုင်ငံတော်၏ ပြည်ပရောက် မိမိနိုင်ငံသားများအပေါ်ထားရှိသည့် စေတနာနှင့်တာဝန်ယူစောင့်ရှောက်မှုတို့မှာ အေးအတူပူအမျှ၊ သောကနှင့် ဒုက္ခအပူတို့ ငြိမ်းအေးစေရေးအတွက် ခိုလှုံဖွယ်ရာအရိပ်အာဝါသဟူ၍ သမိုင်းတွင်ကမ္ပည်းတင်မည် ဧကန်သာဖြစ်ပါကြောင်း။ ။

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအစီအစဉ် ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက် ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီးတွင် စားအုန်းဆီပိဿာ ၇၆၈၃၅၀ ၊ (တန်ချိန် ၁၂၅၅ တန်)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စားအုန်းဆီပိဿာ ၄၆၂၀၀၀ ၊ (တန်ချိန် ၇၅၅ တန်)၊ စုစုပေါင်း ပိဿာ ၁၂၃၀၃၅၀ (တန်ချိန် ၂၀၁၀) ရောင်းချခဲ့ပြီးဖြစ်သည်။**

ကျန်တိုင်းဒေသကြီး / ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးမည်ဖြစ်ပြီး စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် ၂ ရာခိုင်နှုန်း ထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူ ပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများ ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

စားသုံးသူ ပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွှတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း-၀၉-၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တံတားဦးမြို့နယ်၌ မိုးစပါးသီးနှံဧက ၁၄၃၇၇ ကျော် လျာထားစိုက်ပျိုးမည်

**တံတားဦး စက်တင်ဘာ ၂၂**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် ယခုနှစ် မိုးစပါးသီးနှံဧက ၁၄၃၇၇ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ညွှန့်ထံမှ သိရသည်။

ဒေသခံတောင်သူများ၏ လယ်မြေများမှာ ဆည်ရေသောက်စနစ်နှင့် မိုးကောင်းသောက် စနစ်တို့ဖြင့် စိုက်ပျိုးသော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးပြီးစီးရန်အတွက် ပျိုးထောင်းခြင်း ၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း ၊ အစေ့တိုက်ရိုက်ချမျိုးစေ့စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တံတားဦးမြို့နယ်တွင် မိုးစပါးစုစုပေါင်း ၁၂၄၀၁ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

မျိုးကွဲစပါးများ အနေဖြင့် စိုက်ပျိုးပြီးသည့် ဧကများမှာ မနောသုခ ၈၆၄၁ ဧက ၊ ရောမင်း ၂၆၂၄ ဧက ၊ ရွှေမနော် ၇၆၂ ဧကနှင့် ရွှေသွယ်ရင် ၃၆၇ ဧကတို့ စိုက်ပျိုးပြီးကြောင်း ဖြစ်သည်။ တံတားဦးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါး ၁၄၃၇၇ ဧက ၊ ပဲမျိုးစုံ ၂၀၇၀၆ ဧက၊ ဆီထွက်သီးနှံ ၅၄၂၇၇ ဧက၊ အခြားသီးနှံ ၄၉၆၇၃ ဧက ၊ နှစ်ရှည်ပင် ၃၅၁၃ ဧကနှင့် စုစုပေါင်း ၁၃၃၅၄၆ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရဲတင့်(တံတားဦး)

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် စက်တင်ဘာ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ငါးခုမှ Cilidipine ၁၀ ခု၊ Amitriptyline Hydro- Chloride ၃၄ ခု ၊ Vecuronium Bromide အခု ၅၀၊ Acuclav (Amoxicillin+ Clavulanic Acid) အခု ၄၁၅၀၊ Azicure (Azithromycin) ၈၁၆၃ ခု ၊ Cefolac အခု ၃၈၀၊ Doxoril ၉၂၈ ခု၊ Takevit အခု ၅၀၀၀၊ Endozine အခု ၃၀၀၀၊ Panto-card ၂၉၈၁ ခု၊ Endex-4 ၁၉၉၇ ခု၊ Orgamol ၁၀၂၈ ခု၊ Rebosoft အခု ၃၀၀၀၊ Brainact Injection ၃၇၄၂ ခု၊ Carcan အခု ၃၀၀၊ Merofen Injection အခု ၅၀၀၊ Paxus Injection အခု ၁၀၉၅။

ရန်ကုန်ဆိပ်ကမ်းများမှ Oxy-gen Cylinder ၁၄၇၄ ခု၊ Oxygen Regulator အခု ၇၀၀၊ Oxygen Concentrator ၆၈ ခု ၊ Oxygen Concentrator ခုနစ် ခု၊ Inhaler အခု ၂၅၅၀၀၊ Gloves အခု ၃၅၀၀၀၊ Mask အခု ၄၉၀၀၀၊ Disposable Dental Needle အခု ၂၆၀၀ နှင့် ဆေးဝါးမျိုးစုံ ၆၁ မျိုး ၂၉၂၅၄၆ ဒသမ ၈၆ Kg ။

နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီရှစ်ခုတို့မှ Oxygen Cylinder ၁၀၅ ခု၊ Mask ၁၉၅၀၀ Kg ၊ Liquid Oxygen ၁၅၄၆၂ $m^3$၊ Sodium Chloride Injection ၅၃၉၀၀ Kg ၊ Glucose Injection ၂၆၉၅၀ Kg၊ Gentam-ycin Sulphate Injection ၄၂၈၅၆ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



### ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၂-၉-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection - Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 4 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 8 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံရေးအစိုးရ မဟုတ်သော်လည်း ပကာသနကိုလျှော့ချကာ တိုင်းပြည်အတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၂၂

**ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက် တက်ရောက်ကြသည်။

### ဆွေးနွေးအတည်ပြု

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်အထိ (၆) လအတွက် ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူ ထိန်းသိမ်းခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်၏ မူဝါဒများအဖြစ် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် မိမိတို့၏ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကိုလည်း ကောင်းမွန်ထိရောက်အောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Management) စနစ်ဆိုသည်မှာ နိုင်ငံတော်၏ ရငွေများ၊ အခွန်အကောက်စနစ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များ၊ ကြွေးမြီစီမံခန့်ခွဲမှုများ စသည်ဖြင့် စုပေါင်းပါဝင်သည့် စနစ်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရငွေများ တိုးတက်ရရှိရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်ပြီး အသုံးစရိတ်များကိုလည်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျခွဲဝေသုံးစွဲသွားကြရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(ခ)ပါ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ပြောင်းလဲပြင်ဆင်သတ်မှတ်

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှစ်သည် ဧပြီလမှ မတ်လအထိ သတ်မှတ်ခြင်းသည် ပိုမိုသင့်လျော်မှုရှိခြင်းကြောင့် ဘဏ္ဍာရေးနှစ်ကို ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်ကစပြီး ဧပြီလ (၁) ရက်မှ မတ်လ (၃၁) ရက်အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်သွားမည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်အဖြစ် ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်အထိ (၆) လတာကာလအတွက် ဌာန၊ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ကြောင်း။

### မဖြစ်မနေသုံးစွဲနိုင်အောင် ဆောင်ရွက်

လက်ရှိကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်ခဲ့ရပြီး နိုင်ငံရေးအဖျက်အမှောင့် လုပ်ရပ်များကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည့်အတွက် နိုင်ငံတော်၏ ရငွေ၊ သုံးငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေများ၊ အခြားရငွေများကို ကင်းလွတ်ခွင့်ပြုခြင်း၊ ရွှေ့ဆိုင်းပေးခြင်း အစရှိသည့် ဖြေလျှော့ပေးခဲ့ရမှုများကြောင့် အခွန်ဝင်ငွေများ ကျဆင်းခဲ့ရသကဲ့သို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေလည်း ကျဆင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အသုံးစရိတ်များကို ခြိုးခြံချွေတာ၍ စိစစ်သုံးစွဲကြရမည်ဖြစ်ပြီး သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များကိုမူ မဖြစ်မနေ သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲရာတွင် အမျိုးသားစီမံကိန်းဥပဒေနှင့်အညီ (၆)လတာကာလအတွင်း ပြီးစီးနိုင်မည့် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းသစ်များ၊ မဖြစ်မနေလိုအပ်သည့် ပစ္စည်းဝယ်ယူခြင်းများကို ထိထိရောက်ရောက် ဖြစ်အောင် သုံးစွဲကြရန်လိုကြောင်း၊ (၆) လတာကာလအတွက်သာဖြစ်သဖြင့် ရန်ပုံငွေသုံးစွဲနိုင်မည့် အချိန်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားသုံးငွေ သုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန် မှာကြားလိုကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် လမ်း၊ ရေ၊ လျှပ်စစ်မီး အသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှုအသုံးစရိတ်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များတို့ကို ဦးစားပေးပြီး ထိထိရောက်ရောက် သုံးစွဲကြစေလိုကြောင်း။

### ကျစ်ကျစ်လျစ်လျစ် သုံးစွဲ

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် (၆) လတာကာလအတွင်း ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ ဘဏ္ဍာငွေ အလေအလွင့် မရှိစေဘဲ ကျစ်ကျစ်လျစ်လျစ် သုံးစွဲကြရန် မှာကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်၏ ဘဏ္ဍာရေး မူဝါဒ၊ စီမံကိန်းမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒအစရှိသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ဒေသန္တရစီမံကိန်းများဖြင့် အထောက်အကူပြု ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တင်ပြလာသော အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ငွေလုံးငွေရင်းအသုံးစရိတ်များကို အသေးစိတ်စိစစ်ခဲ့မှုအခြေအနေများ၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်တွေ့ဆုံပြီး ဘဏ္ဍာငွေ အရအသုံးလျာထားချက်များ စိစစ်ခဲ့မှု၊ ယခင်ခန့်မှန်းခြေစာရင်းများအပေါ် အခြေခံ၍ ယခု (၆)လအတွက် လျာထားသည့် ရငွေ၊ သုံးငွေများကို စိစစ်ခဲ့မှုအခြေအနေများ၊ ယာယီရပ်ဆိုင်းထားသော နိုင်ငံပိုင်စက်ရုံများကို မူဝါဒနှင့်အညီ ပြန်လည်လည်ပတ်နိုင်ရေးအတွက် အသုံးစရိတ်များ လျာထားပေးခဲ့မှု အခြေအနေများ၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေး၊

*စာမျက်နှာ ၄ သို့*

# ပြည်နယ်နှင့်တိုင်း ကွာခြားမှု၊ ကျေးလက်မြို့ပြ ကွာခြားမှုများကို လျှော့ချ

**နိုင်ငံဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ကွာခြားမှု၊ ကျေးလက်မြို့ပြ ကွာခြားမှုများကို လျှော့ချရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသအားလုံး တစ်ပြေးညီတိုးတက်စေရန် ဆန္ဒရှိကြောင်း၊ လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ပိုမိုအလေးပေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံစဉ်းစား၍ အဓိကလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် တိုးတက်မှုရှိစေရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၃ မှ*

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေလျာထားပေးခဲ့မှု အခြေအနေများ၊ ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထောက်ပံ့ပေးနိုင်ခဲ့မှုနှင့် ယခု (၆)လအတွက် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်း အချုပ်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

## အခွန်ငွေပြည့်ပြည့်ဝဝ ရရှိမည်

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ရကြောင်း၊ တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးအပိုင်းကို ဆောင်ရွက်ရကြောင်း၊ ငွေကြေးကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေရှာဖွေရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ထုတ်ကုန်တိုးတက်မြင့်မားရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ပြီး ပြည်သူများ ဝင်ငွေရရှိမှသာ အခွန်ငွေပြည့်ပြည့်ဝဝ ရရှိမည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလည်ပတ်မှုရှိရန် လိုအပ်ကြောင်း၊ ရငွေသုံးစွဲမှုအပိုင်းတွင် စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးတိုးတက်မှုလုပ်ငန်းများအတွက် အဓိကသုံးစွဲရကြောင်း၊ မိမိနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သော်လည်း အစိုးရတာဝန်ယူရသည့်ကဏ္ဍများ များပြားကြောင်း၊ အခွန်ပေးဆောင်ရန်အတွက် ထုတ်လုပ်သူများအနေဖြင့် တာဝန်သိရန် လိုအပ်ကြောင်း၊ ကြွေးမြီသက်သာခွင့်နှင့် စပ်လျဉ်း၍ ကိုဗစ်–၁၉ ကပ်ရောဂါကို အကြောင်းပြု၍ ရှောင်ရှားနေသူများရှိကြောင်း၊ အခွန်ငွေရရှိမှုလျာထားရာတွင် အမှန်တကယ် ရရှိနိုင်မည့် လမ်းကြောင်းများကို သိရှိရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် အခွန်ရငွေနှင့် အခွန်နှုန်းများကို ခေတ်ကာလနှင့် လျော်ညီအောင် ပြန်လည်စိစစ်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေလို၍ မဟုတ်ဘဲ ပြည်သူအပေါ် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရန်သာဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွင့်ပြုရန်ပုံငွေများကို ပြည်သူလူထုအတွက် အသုံးပြုရန်လိုအပ်ကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရ မဟုတ်သော်လည်း ပကာသနကို လျှော့ချကာ တိုင်းပြည်အတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်မှုများသည် အစိုးရချမ်းသာရန်မဟုတ်ဘဲ တိုင်းပြည်ချမ်းသာရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## အကျိုးရှိရှိဆောင်ရွက်

တင်ဒါလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်သင့်ရာ မလုပ်ဆောင်ကြရန်နှင့် သတ်မှတ်စည်းမျဉ်းများအတိုင်းသာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသို့ မသမာမှုများသည် တိုင်းပြည်အတွက် များစွာနစ်နာကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီပြီး ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ရရှိသည့်ဘဏ္ဍာငွေကို အကျိုးရှိရှိ အသုံးချရန်နှင့် မလိုအပ်သည့်ပစ္စည်းများ ဝယ်ယူခြင်းများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့တာဝန်ယူရသည့်ကာလအတွင်း တိုင်းပြည်အတွက် အကျိုးရှိရှိ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်အထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်ပေးပို့တင်ပြပြီး ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်ရုံ၊ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ရရှိရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် ပတ်သက်၍ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ မြင့်မားလာစေရန် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးတို့အတွက်လည်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဌာနအတွက် အသုံးစရိတ်များထက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုနိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ လျှပ်စစ်မီး၊ လမ်းတံတား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးစသည့် လုပ်ငန်းများကို ဦးစားပေး၍ ထိထိရောက်ရောက် သုံးစွဲကြစေလိုကြောင်း။

ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ အသုံးစရိတ်များကို ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၀–၂၀၂၁ တွင်လည်း သုံးစွဲခဲ့သကဲ့သို့ ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက်လျာထား သုံးစွဲရန် ခွင့်ပြုထားပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်ဆေး ရန်ပုံငွေကိုလည်း လိုအပ်သလို ထပ်မံဖြည့်တင်းပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပြီး ရောဂါကာကွယ် ထိန်းချုပ်ကုသရေးဆိုင်ရာ အသုံးစရိတ်လိုအပ်ချက်များအတွက် ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကိုလည်း ကျပ် ဘီလီယံ ၁၀၀ လျာထား၍ သုံးစွဲသွားနိုင်ရန် စီစဉ်ထားကြောင်း။

**“ကိုဗစ်-၁၉ ကာကွယ်ဆေးရန်ပုံငွေကိုလည်း လိုအပ်သလို ထပ်မံဖြည့်တင်းပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပြီး ရောဂါကာကွယ် ထိန်းချုပ်ကုသရေးဆိုင်ရာ အသုံးစရိတ်လိုအပ်ချက်များအတွက် ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကိုလည်း ကျပ်ဘီလီယံ ၁၀၀ လျာထား၍ သုံးစွဲသွားနိုင်ရန် စီစဉ်ထား”**

ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ဆဲ ချေးငွေစီမံကိန်းများ၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်း၊ ချေးငွေ၊ ထောက်ပံ့ငွေသစ်များရရှိက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြု–မပြု၊ သက်သာမှု ရှိ–မရှိ၊ နှောင်ကြိုး ရှိ–မရှိတို့ကို စိစစ်ရယူခြင်း၊ ချေးငွေရယူထားမှုများအတွက် အရင်း၊ အတိုး ပြန်လည်ပေးဆပ်မှုများကို တာဝန်သိနိုင်ငံတစ်ခုအဖြစ် မပျက်မကွက် ပြန်လည်ပေးဆပ်ခြင်းတို့ကို ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း။

## စနစ်တကျစီမံခန့်ခွဲနိုင်ရမည်

နိုင်ငံတော်တွင် ကိုယ်ပိုင်ဘဏ္ဍာငွေ တောင့်တင်းခိုင်မာလာပါက ပြည်ပချေးငွေရယူရမှုလည်း နည်းပါးလာမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေ တောင့်တင်းခိုင်မာရေးအတွက် အခွန်အကောက်ရငွေများ ပြည့်ပြည့်ဝဝ ရရှိရေးနှင့် သဘာဝသယံဇာတကဏ္ဍမှ ရရှိငွေများ၊ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုများမှ ရရှိငွေများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး အစိုးရကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍ၊ သမဝါယမကဏ္ဍတို့ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အတွက် အသုံးစရိတ်ကို အတတ်နိုင်ဆုံးချွေတာခြင်း၊ ပကာသနများ မပြုလုပ်ခြင်းနှင့် ရသင့်ရထိုက်သည့် အခွန်များရရှိအောင် ဆောင်ရွက်ခြင်းသည် တိုင်းပြည်ဘဏ္ဍာရေး အားကောင်းမှုကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုခွဲဝေပေးထားသော အသုံးစရိတ်ရန်ပုံငွေများဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ဖော်ဆောင်နိုင်ရန် မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာငွေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**ဆွေးနွေးညှိနှိုင်းအတည်ပြု**

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)တွင် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဆွေးနွေးညှိနှိုင်းအတည်ပြုကြရမည်ဖြစ်ကြောင်း။

ယခင်က ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလမှ စက်တင်ဘာလထိ သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်ကို ဧပြီလမှ မတ်လအထိ ပြောင်းလဲ သတ်မှတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လထိ ကြားကာလ(၆)လ အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

**အထူးအလေးထားဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်တာဝန်ယူခဲ့ရခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို မူဝါဒအဖြစ်ချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကိုဗစ်–၁၉ ရောဂါကြောင့် ကျဆင်းနေသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်ဦးမော့ပြီး သွက်လက်မြန်ဆန်လာစေရေးအတွက် အတတ်နိုင်ဆုံး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိသေးသည်ကို ပြောကြားလိုကြောင်း။

**ချိတ်ဆက်အကောင်အထည်ဖော်**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) 2015–2030 ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြကြောင်း၊ SDGs ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း ကဏ္ဍအလိုက်နှင့် ဒေသအလိုက် စီမံကိန်းများတွင် ချိတ်ဆက်၍ အကောင်အထည် ဖော်နိုင်ရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SDGs အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဌာနသို့ အချိန်မီပေးပို့ခဲ့သည်ကို သိရကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ရမယ့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့သကဲ့သို့ LDC နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့် စံနှုန်းများ ဆက်လက်ပြည့်မီရေးကိုလည်း စီမံကိန်းများ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်သည်ဟု မှာကြားလိုကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူအားလုံး၏ စားဝတ်နေမှုဖူလုံရေး၊ ကျေးလက်ဒေသနှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ကြည့်မည်ဆိုပါက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးကို ရှေးရှု ဆောင်ရွက်ထားသည်ကိုလည်း တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

**အထောက်အကူပြုရန် ရည်ရွယ်**

မိမိတို့နိုင်ငံ၏စီးပွားရေးအခြေအနေကိုပြန်လည်သုံးသပ်ရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် အချို့သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းခြင်း ဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၊ တတိယ (၃) လပတ်မှစတင်ကာ နိုင်ငံ၏စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လာခဲ့ပြီး ယခု ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အထိ စီးပွားရေးအခြေအနေ ဆက်လက်ကျဆင်းလျက်ရှိသည်ကို သုံးသပ်ပြောကြားလိုကြောင်း၊ ယခု(၆)လ အမျိုးသားစီမံကိန်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ပြီး ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ယခု (၆)လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လျာထားခဲ့သည့် ရည်မှန်းချက်များပြည့်မီရေးကို အထူးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် ကာလတိုအတွင်း လျင်မြန်ထိရောက်သည့်ရလဒ် (Quick Win) ကို ရရှိမည်ဖြစ်ကြောင်း။

**စီမံချက်ချဆောင်ရွက်**

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသူများဖြစ်ကြကြောင်း၊ ၎င်းတို့ဝင်ငွေရရှိရေးအတွက် အထောက်အကူဖြစ်စေရန် လိုအပ်သည့် သွင်းအားစုများ လုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ ရရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်ခုသည် စိုက်ပျိုးရေလုံလောက်မှု၊ ဓာတ်မြေဩဇာနှင့် အထွက်ကောင်းသည့် မျိုးများရရှိနိုင်မှု၊ တိရစ္ဆာန်အစားအစာရရှိမှု၊ပိုးသတ်ဆေးများ၊ ကာကွယ်ကုသဆေးများ မဖြစ်မနေလိုအပ်ချက်ရှိသည်ကို နားလည်ပြီး လိုအပ်ချက်များ ပြည့်စုံစေရေးအတွက် စီမံချက်ချဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရာသီဥတုနှင့် လိုက်လျောညီထွေမှု ရှိသည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီကောင်းမွန်သည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် နည်းပညာများ၊ စက်ယန္တရားများ၊ သီးနှံပိုးမွှားအန္တရာယ်ကာကွယ်ရေးအစီအစဉ်များ၊ အဆင့်မြင့်လယ်ယာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အင်ဂျင်နီယာပညာရှင်များ၊ ကျွမ်းကျင်သူများကိုလည်း အဆက်မပြတ် မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စားနပ်ရိက္ခာဘေးကင်းမှုအတွက် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှု မရှိစေရေးနှင့် အော်ဂဲနစ်စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းစေရေးကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း။

**ပြည်ပကို ပိုမိုတင်ပို့ရောင်းချ**

မွေးမြူရေးကဏ္ဍတွင်လည်း မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ခေတ်နှင့်လျော်ညီသည့် မွေးမြူရေးစနစ်များဖြစ်စေရေး ကူညီပေးခြင်းနှင့် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်ဖြင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်ပကို ပိုမိုတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆောင်ရွက်နိုင်သည့် အခြေအနေတူညီနိုင်မည် မဟုတ်ကြောင်း၊ အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အားသာချက်များရှိနိုင်ပြီး အချို့သည် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် အားသာချက်ရှိနိုင်ပါကြောင်း၊ မိမိတို့ရရှိဆောင်ရွက်နိုင်သည့် အားသာချက်အခြေအနေများအပေါ် အခွင့်အလမ်းအဖြစ် အသုံးချပြီး မိမိတို့ဒေသ၏ စီးပွားရေးကို တိုးတက်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ဝင်ငွေများတိုးတက် ရရှိစေမည်**

ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မိမိတို့ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်များကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product– OVOP) ထုတ်လုပ်နိုင်ရန် ကြိုးစားကြရန်လိုအပ်ပြီး မိမိတို့ဒေသရှိ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းများရှင်သန်ဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိစေမည် ဖြစ်ပါကြောင်း။

ပြည်ပတွင် သွားရောက်လုပ်ကိုင်ရာမှ ကိုဗစ်–၁၉ ရောဂါကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မိမိတို့ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးပြီး ဝင်ငွေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် တိုင်းပြည်၏ လုပ်သားအရင်းအမြစ်များ ပြည်ပသို့ရောက်ရှိခြင်း လျော့နည်းသွားမည်ဖြစ်သကဲ့သို့ ပြည်တွင်းရှိ လုပ်ငန်းများကိုလည်း အထောက်အကူရရှိစေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ကိုဗစ်–၁၉ ရောဂါကြောင့် ပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ပြည်ပမှ တင်သွင်းနေရ**

ပြည်ပမှ သွင်းကုန်များ တင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေများကို အမြောက်အမြားသုံးစွဲနေရသဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၀ –၂၀၁၁ ခုနှစ်တွင် ဝါစိုက်ပျိုးမှု ဧက ၈ သိန်းကျော်အထိ ရှိခဲ့ကြောင်း၊ ဝါအထွက်နှုန်း မကောင်းခြင်းသည် စီးပွားရေးအရတွက်ခြေမကိုက်မှုကို ဖြစ်ပေါ်စေပြီး ဝါစိုက်ပျိုးမှုမှတစ်ဆင့် ပြည်တွင်းချည်ထည်ထုတ်လုပ်မှု supply chain ကို လျော့သွားကြောင်း၊ မြေယာမူဝါဒနှင့်အညီ ဝါစိုက်ဧက ၈ သိန်းပြည့်မီအောင်စိုက်ပျိုးပြီး ဝါအထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၈၀၀ မှ ပိဿာ ၁၀၀၀ အထိရရှိအောင် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက ဝါကိုအခြေခံသည့် ပြည်တွင်းချည်ထည်စက်မှုလုပ်ငန်းများစွာကို ဖွံ့ဖြိုးစေမည်ဖြစ်ပြီး ဝါနှင့်ဝါထွက်ပို့ကုန်များကလည်း ဝင်ငွေများစွာရရှိစေမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီနှင့် လောင်စာဆီ မလုံလောက်မှုများကြောင့် တန်ချိန်များစွာကို ဒေါ်လာသန်းပေါင်းများစွာသုံးစွဲတင်သွင်းနေရသကဲ့သို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဓာတ်မြေဩဇာလိုအပ်ချက်များကိုလည်း ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ မိမိတို့တွင် ရေ၊ မြေ သဘာဝ အရင်းအမြစ်ကောင်းများစွာရှိပြီး

*စာမျက်နှာ ၆ သို့*

❑ **ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မိမိတို့ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်များကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product– OVOP) ထုတ်လုပ်နိုင်ရန် ကြိုးစားကြရန်လိုအပ်ပြီး မိမိတို့ဒေသရှိ အသေးစား၊ အလတ်စား လုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ခြင်းဖြင့် ဝင်ငွေများ တိုးတက်ရရှိစေမည်**

## ❒ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်စီးဝင်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးတက်တင်ပို့နိုင်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကိုလည်း အထူးဂရုပြု၍ ဆောင်ရွက်သွားရမည်

*စာမျက်နှာ ၅ မှ*

သဘာဝဓာတ်ငွေ့ ထိုက်သင့်သလောက်ထွက်ရှိကြောင်း၊ ထို့ကြောင့် ဆီအုန်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်၊ ပြောင်း၊ မြေပဲ၊ နှမ်း စသည့် ထုတ်ကုန်များမှ ပြည်တွင်းဆီဖူလုံရေး အပြည့်အဝဆောင်ရွက်နိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို များစွာကျခံသုံးစွဲနေရပြီး ဒီဇယ်ဆီများကို ပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းများတွင် များစွာသုံးစွဲနေရပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားနှင့် ဆိုလာလျှပ်စစ်မီးလုပ်ငန်းများမှ အဓိကထား ဆောင်ရွက်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ကို ဓာတ်မြေသြဇာထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများတွင် ပိုမိုအသုံးချနိုင်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များမှ တိရစ္ဆာန်အစာများ ပြည်တွင်းတွင် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှ သွင်းကုန်များကို လျှော့ချနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ချက်ပြုတ်ရေးတွင် သုံးစွဲနေသည့် ထင်း၊ မီးသွေးသုံးစွဲမှုကို လျှော့ချရမည်ဖြစ်ပြီး လျှပ်စစ်မော်တော်ကားထုတ်လုပ်သုံးစွဲခြင်း၊ လျှပ်စစ်ရထားလမ်းများ တိုးချဲ့ခြင်းများဖြင့် လောင်စာကုန်ကျမှုကို လျှော့ချရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျော့ကျစေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုရမည်ဖြစ်ပြီး ထိုသို့လုပ်ငန်းများလုပ်ဆောင်ရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products) ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် ကုန်သွယ်မှုလိုငွေ (Trade Deficit) ကို လျှော့ချနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ခြင်းဖြစ်သည့်အတွက် ၎င်းအရင်းအမြစ်များအပေါ်တွင် အခြေခံသည့် စက်မှုလုပ်ငန်းများ မလွဲမသွေလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပြီး အထက်ပါလုပ်ငန်း ၂ ခုကို အဓိက မြှင့်တင်ပေးမည်ဆိုပါက တိုင်းပြည်၏စီးပွားရေး မလွဲမသွေ ဦးမော့လာမည်ဖြစ်ကြောင်း။

### အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

လာမည့်(၆)လတာ စီမံကိန်းကာလသည် ပွင့်လင်းရာသီဖြစ်သည့်အတွက် စက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍများ အနေဖြင့် စီမံကိန်းရည်မှန်းချက်ပါ တည်ဆောက်ဆဲလုပ်ငန်းများ ပြီးပြတ်စေရေးနှင့် လုပ်ငန်းစီမံကိန်းသစ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်သာမက ချေးငွေများဖြင့်ပါ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် အလေအလွင့်မရှိဘဲ ထိရောက်စွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ယခု (၆) လ စီမံကိန်းကာလတွင် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို မဖြစ်မနေ လိုအပ်မှသာလျှင် ဆောင်ရွက်ကြပြီး ဘဏ္ဍာငွေ ခြိုးခြံချွေတာရေးကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public–Private–Partnership) လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်ပါကြောင်း။

ကျေးလက်နှင့်မြို့ပြ ကွာခြားမှုလျှော့ချရေးအတွက် ကျေးလက်စီးပွားရေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် ကျေးရွာများ မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးတို့သည် အရေးကြီးပြီး မီးရရှိရေးအတွက် နေရောင်ခြည်သုံးစွမ်းအင်ဆိုလာ သုံးစွဲနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားစေလိုကြောင်း၊ ကျေးလက်စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်သူများ တိုက်ရိုက်ပါဝင်သည့် သမဝါယမစနစ်နှင့် ထိရောက်စွာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

### ပူးပေါင်းကြိုးပမ်း ဆောင်ရွက်

လူမှုရေးကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင်လည်း အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍမှာ ဘာသာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ဆရာ၊ ဆရာမများ အရည်အသွေး ပြည့်ဝစေရေးနှင့် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ကုသရေးနှင့် ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်နီးနွယ်ရာဌာနများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာသန်စွမ်းမှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာ့အားကစား အပါအဝင် အားကစားကို စိတ်ဝင်စားသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေးကို အားပေးမြှင့်တင်ပေးကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများဖြစ်သည့် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုဒဏ်ကို ခံစားရသောကြောင့် ကြိုတင်ကာကွယ်ပြင်ဆင်ရေးလုပ်ငန်း၊ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အစီအမံချမှတ်ဆောင်ရွက်ရန်လိုပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဥပမာအားဖြင့်- ကြိုးဝိုင်းသစ်တောများ၊ သဘာဝသစ်တောများ ထိန်းသိမ်းခြင်းကို အလေးပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့တက်ညီလက်ညီနှင့် ကြိုးစားအားထုတ်လုပ်ဆောင်မည်ဆိုပါက အာဆီယံတွင် အလယ်အလတ်အဆင့်ရှိနိုင်ငံအဖြစ် ၅ နှစ်အတွင်း ရောက်နိုင်မည်ဖြစ်ပြီး ၁၀ နှစ်အတွင်းတွင် အာဆီယံထိပ်တန်းနိုင်ငံအဖြစ် ရောက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး လူသားအရင်းအမြစ်များ၊ စုစည်းညီညွတ်သည့် စိတ်ဓာတ်များ၊ မြေပေါ်၊ မြေအောက် သယံဇာတများကို ပေါင်းစည်းအသုံးပြုနိုင်မည်ဆိုပါက မဖြစ်နိုင်စရာအကြောင်း မရှိကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ယခု (၆) လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် ဒေသအလိုက်ချမှတ်ထားသည့် စီမံကိန်း၏ မူလရည်မှန်းချက်များကို အနီးစပ်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်စီးဝင်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးတက်တင်ပို့နိုင်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကိုလည်း အထူးဂရုပြု၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ကွာဟချက် ကြီးမားမှုမရှိစေရေးအတွက် အားလုံးက အလေးထားဆောင်ရွက်ကြရန်လိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လထိ (၆) လအတွင်း စီမံကိန်းပါရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

### ပူးပေါင်းညှိနှိုင်းဆောင်ရွက်

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စီမံကိန်းကာလသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုများရှိခဲ့သည့် ကာလဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ရန် ရေးဆွဲထားသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရရှိရန် ဆောင်ရွက်မည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ချက်တို့နှင့်အညီ စီမံကိန်းလုပ်ငန်းများနှင့် ရည်မှန်းချက်များ ရေးဆွဲဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းကာလ (၆)လအတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းရေးဆွဲထားရှိမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည့်အခြေအနေများ၊ နိုင်ငံတော်ဘဏ္ဍာငွေ၊ ချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ရသည့်အတွက် အလေအလွင့်မရှိစေရေး ဆောင်ရွက်ရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကို မှတ်တမ်းထားရှိရေးနှင့် လုပ်ငန်းပြီးစီးပါက အကျိုးပြုမှု လေ့လာမှတ်တမ်းထားရှိရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများကို ဖော်ထုတ်သင်ခန်းစာရယူရေး၊ စီမံကိန်းများ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လ အမျိုးသားစီမံကိန်း (အဆိုပြုမူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတော်၏ ပြည်ပချေးငွေဆိုင်ရာ သုံးသပ်ချက်နှင့် အခွန်ကောက်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### အလေးထားကြပ်မတ်

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်၊ သယံဇာတများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ မသမာမှုများကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသည့် အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းသုံး သစ်ထုတ်လုပ်မှုအတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် သက်တမ်းရှိသစ်များကို စည်းမျဉ်းစည်းကမ်းများနှင့် ထုတ်လုပ်ရန်လိုကြောင်း၊ သစ်ခိုးမှုနှင့် တရားမဝင်သစ်စက်များ ပပျောက်စေရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးထားကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

အခွန်ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရတစ်ရပ်သည် အခွန်ပေါ်တွင် ရပ်တည်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အခွန်တိုးမြှင့် ကောက်ခံခြင်းထက် အခွန်ထမ်းပြည်သူများ တိုးတက်လာရေးအတွက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် အခွန်ငွေရရှိမှု လျော့နည်းပြီး အခွန်လျှော့ချပေးရမှုများလည်းရှိကြောင်း၊ အခွန်ကောက်ခံမှုမရရှိစေရန်နှင့် အခွန်ပေးဆောင်မှုမပြုလုပ်စေရန် CDM ပြုလုပ်သည့် ဝန်ထမ်းများက နိုင်ငံရေးအရ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယင်းကို ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသည် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုပြီး အစိုးရ၏လုပ်ငန်းများ အောင်မြင်အောင် ထမ်းဆောင်ရန်လိုကြောင်း၊ ထို့ပြင် စာရင်းဇယားများ လိမ်လည်ပြီး အခွန်ပေးဆောင်ရန် ရှောင်ရှားမှုများ ပြုလုပ်သည်ကိုလည်းတွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် အခွန်ပေးဆောင်မှုမရှိသူများ များပြားလျက်ရှိကြောင်း၊ အခွန်ကောက်ခံမှုနှင့် စပ်လျဉ်း၍ နည်းပညာတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အခွန်အပြည့်အဝရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန်လိုကြောင်း။

ချေးငွေနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ဝင်ငွေမရရှိဘဲ ဆောင်ရွက်ရသည့် လုပ်ငန်းများကြောင့် ချေးငွေများပြားလာကြောင်း၊ စီးပွားရေးလုပ်ငန်းများ မအောင်မြင်ရခြင်း၏ နောက်ဆက်တွဲသည် ကြွေးမြီများပြားလာခြင်းဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင်လည်း ကြွေးမြီများရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပကြွေးမြီရယူမှုကို လျှော့ချနိုင်စေရန် ပြည်တွင်းထုတ်ကုန်တိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများကို စီးပွားရေးအရ တွက်ခြေကိုက်စေရန်၊ အကျိုးရှိရှိ အသုံးချသွားရန်လိုကြောင်း။

**နည်းပညာမြှင့်တင်ပေး**

ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ရပ်ဆိုင်းထားသည့်အတွက် တိုင်းပြည်အတွက် များစွာနစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဆက်လက်လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကို ကုန်ထုတ်စွမ်းအား မြင့်မားလာစေရန်အတွက် နည်းပညာမြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်ရသည့် တိုင်းပြည်၏ အခြေခံကုန်ထုတ်လုပ်မှု မြှင့်တင်သည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျ စိစစ် ဆောင်ရွက်သွားရန် လိုကြောင်း။

**အဓိကထား ထုတ်လုပ်**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ထုတ်ကုန်အပေါ် မှီခိုသည့် စီးပွားရေးလုပ်ငန်းများကို လျှော့ချသွားရမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် သစ်ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာထုတ်လုပ်မှုကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်သင့်သည့် ပမာဏကိုသာ ထုတ်လုပ်သွားရန်လိုကြောင်း၊ စွမ်းအင်ရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုသာ အဓိကထား ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် ရှိရင်းစွဲအခြေခံများကို အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် ဖြစ်နိုင်သည့် အခြေအနေများအပေါ်မူတည်၍ မျှော်မှန်းချက်များကို ရည်ရွယ်ရေးဆွဲခြင်းဖြစ်ကြောင်း၊ ထိုသို့ရေးဆွဲရာတွင် နိုင်ငံနှင့်လူမျိုးတို့၏ National Characteristics နှင့် ပကတိအခြေအနေများကိုက်ညီရန်လိုအပ်ကြောင်း၊ အကောင်အထည် ဖော်ရာတွင်လည်း သတ်မှတ်သည့် ပန်းတိုင်ရောက်ရှိအောင် ရှိရင်းစွဲ အရင်းအမြစ်များကို အပြည့်အဝအသုံးချ၍ ပြည်သူကိုနေရာပေးကာ ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**ဟန်ချက်ညီညီပေါင်းစပ်**

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုရေးဆွဲထားသည့် (၆)လ အမျိုးသားစီမံကိန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အခြေခံပြီး ချိတ်ဆက်ရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နောင်လာမည့် ဘဏ္ဍာရေးနှစ်သစ်ကာလမတိုင်မီ ပေါင်းကူးသဖွယ် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းစီမံကိန်းများ လျာထားကြောင်းကိုလည်း တွေ့ရကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးကို လက်တွေ့ကျကျ ပြန်လည်ဦးမော့လာစေရန် လမ်းကြောင်းမှန်ပေါ်တင်ပေးသည့် စီမံကိန်းများဖြစ်ကြောင်း၊ ရေးဆွဲပြီးဖြစ်သည့် စီမံကိန်းများကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်စဉ် ဝန်ကြီးဌာနများနှင့် ဒေသန္တရအစိုးရအဖွဲ့များက အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်နိုင်မှုကို ထိခိုက်ပြီး အချိန်ကြန့်ကြာစေနိုင်သည့် မြေပြင်အခြေအနေနှင့် အကြောင်းရင်းများ တွေ့ကြုံလာပါကလည်း အချိန်မီ ပြင်ဆင်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

**ထိရောက်အကျိုးရှိစွာသုံးစွဲ**

စီမံကိန်းအကောင်အထည်ဖော်ရာတွင် ငွေကြေးသုံးစွဲမှုများကို နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရန်၊ လုပ်ဆောင်မှုတိုင်းကို စနစ်တကျမှတ်တမ်းထားရှိရန် လိုအပ်သကဲ့သို့ စာရင်းစစ်ဆေးခံနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထို့ပြင် သွင်းအားစုများကိုလည်း အလေအလွင့်နည်းပါးစွာဖြင့် ထိရောက်အကျိုးရှိစွာ သုံးစွဲသွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်သုံးသပ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စီမံကိန်းတွင် လျာထားသည့်အတိုင်း ကဏ္ဍနှင့် ဒေသအလိုက် လျာထားချက်များနှင့် ပို့ကုန်လျာထားချက် ပြည့်မီရေး၊ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရေးအတွက် အစွမ်းကုန် တက်ညီလက်ညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်မည့် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်သွားရန်လိုကြောင်း၊ အဓိကအနေဖြင့် စိစိစစ်စစ် ခြိုးခြံချွေတာသုံးစွဲသွားရန် လိုအပ်မည်ဖြစ်ပြီး ရငွေနှင့် အသုံးစရိတ်ကို စိစိစစ်စစ် သုံးစွဲပါက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန် အခွင့်အလမ်း ရရှိမည်ဖြစ်ကြောင်း။

ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉နှင့် အကြောင်းအမျိုးမျိုးကြောင့် ကျဆင်းနေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ပြန်လည်နာလန်ထူနိုင်ရေးအတွက် ဝိုင်းဝန်းသုံးသပ်ပြီး အားသွန်ကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်တွင် နိုင်ငံတော်က ပံ့ပိုးရမည့်ကိစ္စရပ်များ လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

> ❐ **ကိုဗစ်-၁၉ ကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးကို လက်တွေ့ကျကျ ပြန်လည်ဦးမော့လာစေရန် လမ်းကြောင်းမှန်ပေါ်တင်ပေးသည့် စီမံကိန်းများဖြစ်၊ ရေးဆွဲပြီးဖြစ်သည့် စီမံကိန်းများကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်စဉ် ဝန်ကြီးဌာနများနှင့် ဒေသန္တရအစိုးရအဖွဲ့များက အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်နိုင်မှုကို ထိခိုက်ပြီး အချိန်ကြန့်ကြာစေနိုင်သည့် မြေပြင်အခြေအနေနှင့် အကြောင်းရင်းများ တွေ့ကြုံလာပါကလည်း အချိန်မီ ပြင်ဆင်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်**

## ပြည်မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပြည် စက်တင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျောင်းကြီးအိုးတန်း ရပ်ကွက် ခရိုင်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်သန်းက ပန်းခင်းစီမံချက်၏ ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်မြို့နယ် လဝကဦးစီးမှူးရုံးက ပြည်ခရိုင်မီးသတ်ဦးစီးဌာနရုံး ဝန်ထမ်း/မိသားစုဝင်များအတွက် ပြုလုပ်ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၆ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၀ ခုတို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိဖြိုးဆွေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးနှင့် မြို့နယ်လဝကဦးစီးမှူးတို့က ခရိုင်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်း/မိသားစုဝင်များထံ ပေးအပ်သည်။ (ယာပုံ)



ပြည်မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ယခုနှစ် မေ ၃ ရက်က စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကာ မြို့ပေါ်ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာ အုပ်စု ၅၅ အုပ်စု၊ စုစုပေါင်း ၆၉ အုပ်စုရှိလူဦးရေ ၅၆၀၅ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ဆောင်ရွက်ပေးရန် လျာထားပြီး ပြည်မြို့နယ်တွင် ယနေ့ ဆောင်ရွက်မှုအပါအဝင် အိမ်ထောင်စုလူဦးရေစာရင်း ၈၁၀ နှင့် နိုင်ငံသားစိစစ်ကတ်ပြား အခုရေ ၉၈၀ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုဆက်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၂၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၈ ဒသမ ၆၂ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ကျိုက္ကမီမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ဆောမြို့တွင် ၃ ဒသမ ၉၇ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၀၁ လက်မနှင့် ကျောက်ထုမြို့တွင် ၁ ဒသမ ၈၅ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# လေထဲကအန္တရာယ်တွေနဲ့ မြန်မာ့အနာဂတ်အခက်မကြုံရလေအောင်...

**လေထုထဲကနေ ပျံ့နှံ့ကူးစက်တဲ့ ကိုဗစ်– ၁၉ ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်တွေ့ကြုံနေရပါတယ်။ မိမိတို့နိုင်ငံမှာတော့ လေထုထဲက ရောဂါပိုးကို ကာကွယ်နေကြရတဲ့အပြင် လေလှိုင်းပေါ်က အစိုးရအမည်ခံ အကြမ်းဖက်အဖွဲ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါတယ်။**

**သူရိန်သော်**

ဥပဒေရေးရာခုံရုံးတွေမှာ စစ်ဆေးခံနေရဆဲ NLD ပါတီဝင်အချို့နဲ့ တရားမဝင် ပြည်ပကို ထွက်ပြေးခိုလှုံနေရသူတွေဟာ သူတို့ကိုယ်သူတို့ NUG အစိုးရလို့ ခံယူခဲ့ကြပါတယ်။ ပြည်ပမှာရှိတဲ့ မြန်မာ့နိုင်ငံရေးကို ခြယ်လှယ်လိုတဲ့ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ရယူပြီး ပြည်ဖျက်စီမံကိန်းတွေကို လုပ်ဆောင်နေကြပါတယ်။ ပြည်ပအဖွဲ့အစည်းများရဲ့ ထောက်ပံ့မှုကို ရယူထားတဲ့ ပြည်ပအခြေစိုက်အကြမ်းဖက်အစိုးရအဖွဲ့ NUG ဟာ ယခုလဆန်းပိုင်းက ပြည်သူတွေကို လေလှိုင်းပေါ်ကနေ D Day ကြေညာခဲ့ပါတယ်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တော်လှန်ကြပါဆိုတဲ့ မြှောက်လုံး၊ ခြောက်လုံးတွေအပြည့်နဲ့ မိန့်ခွန်းဆိုတာကို အကွက်ကျကျ စီမံပြောကြားခဲ့ပါတယ်။

### စိတ်ဝင်စားမှုမရှိ

**D Day ဟာ ရရာလက်နက်စွဲကိုင်ပြီး လက်ရှိအစိုးရကို တော်လှန်ကြဖို့ပြည်သူတွေကို တပ်လှန့်လိုက်တာဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့ရဲ့ အစွယ်အပွားတွေနဲ့ အမှန်ကို မမြင်နိုင်၊ မသိနိုင်တဲ့ လူတစ်စုလောက်ကလွဲပြီး ပြည်သူစစ်စစ်တွေကတော့ D Day အပေါ် စိတ်ဝင်စားမှု မရှိသလောက်ဆိုတာကို လက်ရှိမှာ ပြည်သူတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေ့စဉ်ဘဝ ပုံမှန်ဖြတ်သန်းနေတာကိုကြည့်ပြီး သုံးသပ်နိုင်မှာဖြစ်ပါတယ်။**

ထို့အတူ အကြမ်းဖက်အဖွဲ့တွေရဲ့ အစွယ်အပွားတွေ၊ PDF တွေကိုလည်း အစိုးရနဲ့ပြည်သူတွေ ပူးပေါင်းဖော်ထုတ်မှုတွေကြောင့် နေ့စဉ်နဲ့အမျှ ဖမ်းဆီးရမိနေတာတွေကိုလည်း မြင်တွေ့ရပါတယ်။ NUG ဘက်က ဘယ်လောက်ပဲ မြှောက်ပင့်ပေးပေး ပြည်သူမရွေ့တော့ဘူးဆိုတာကို မြင်တွေ့လာရတဲ့အခါ အကြမ်းဖက်သူတွေဟာ ဖုန်းတာဝါတိုင်တွေ မိုင်းခွဲဖျက်ဆီးတာ၊ အပြစ်မဲ့ပြည်သူတွေကို ဒလန် ဆိုပြီး သတ်ဖြတ်တာတွေကို ပိုမိုဖိအားပေး လုပ်ဆောင်လာကြတာကို စိတ်မသက်သာဖွယ် မြင်တွေ့ရပါတယ်။ ဆက်သွယ်ရေးတာဝါတိုင်တွေ ပျက်စီးမှုဟာ ပြည်သူတွေရဲ့ နစ်နာဆုံးရှုံးမှု၊ အပြစ်မဲ့ပြည်သူတွေကိုသတ်ဖြတ်တာ မြန်မာ့သမိုင်းအတွက် အကျည်းတန်မှုဆိုတာတွေကို လျစ်လျူရှုပြီး မှန်ကန်တဲ့လုပ်ရပ်လို့ ယနေ့တိုင် ကမ္ဘာကို

> ❖ D Day ဟာ ရရာလက်နက်စွဲကိုင်ပြီး လက်ရှိအစိုးရကို တော်လှန်ကြဖို့ ပြည်သူတွေကို တပ်လှန့်လိုက်တာ ဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့ရဲ့ အစွယ်အပွားတွေနဲ့ အမှန်ကိုမမြင်နိုင်၊ မသိနိုင်တဲ့ လူတစ်စုလောက်ကလွဲပြီး ပြည်သူစစ်စစ်တွေကတော့ D Day အပေါ် စိတ်ဝင်စားမှု မရှိသလောက်ဆိုတာကို လက်ရှိမှာ ပြည်သူတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေ့စဉ်ဘဝ ပုံမှန်ဖြတ်သန်း နေတာကိုကြည့်ပြီး သုံးသပ်နိုင်မှာ ဖြစ်ပါတယ်

လိမ်လည်နေဆဲပဲ ဖြစ်ပါတယ်။

### ရုပ်သေးရုပ် အစိုးရဖြစ်

ပြည်သူတွေ နိုင်ငံတွင်းမှာ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေကြသူတွေက ပြည်ပနိုင်ငံတွေမှာ ခိုလှုံပြီး ပြည်ပကြိုးကိုင်သူတွေအလိုကျ ရုပ်သေးရုပ်အစိုးရဖြစ်တယ်ဆိုတဲ့ အထောက်အထားတွေကိုလည်း တစ်နေ့တခြား မြင်တွေ့လာရပြီ ဖြစ်ပါတယ်။ အပြစ်မဲ့တဲ့ ပြည်သူတွေကို ဒလန်စွပ်စွဲပြီး သတ်ဖြတ်တာ၊ လုယက်မှုတွေကျူးလွန်တာ၊ မိုင်းခွဲဖျက်ဆီးတာစတဲ့ဖြစ်စဉ်တွေအားလုံးမှာ အကြမ်းဖက်ခြင်းကို တော်လှန်ခြင်းဆိုပြီး အမည်တပ် အားရကျေနပ်နေကြသူတွေကို ပြည်သူတွေရဲ့ အဆိပ်အတောက်၊ တိုင်းပြည်ရဲ့ လောက်ကောင်တွေအဖြစ် သတ်မှတ်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။

ပြည်ပအထောက်အပံ့တွေ ဖောဖောသီသီ ရယူထားတဲ့ NUG, PDF စတဲ့ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ တိုင်းပြည်နဲ့လူမျိုးရဲ့ မျက်နှာကိုမှ မထောက်ထားဘဲ ပြည်သူတွေ ဆင်းရဲတွင်းနက်အောင် ကြံဆောင်နေမှုတွေ၊ လက်နက်မျိုးစုံဖြင့် ရွက်ကုန်လွှင့်ကာ နိုင်ငံတော်ကို ဖျက်ဆီးနေမှုတွေဟာ ရုပ်လုံးပေါ်လာခဲ့ပါပြီ။ ကျွမ်းကျင်သူတွေရဲ့အဆိုအရ ပဲခူး PDF အဖွဲ့ဆိုပြီး အင်းတကော်မြို့က ဘဏ်တစ်ခုမှာ လုယက်မှုလုပ်ဆောင်တဲ့ဖြစ်စဉ်မှာ သုံးစွဲသွားတဲ့ လက်နက်အမျိုးအစားဟာ ၂၀၂၀ ပြည့်နှစ်တွေမှာ အမေရိကန်က အာဖဂန်နစ္စတန်နဲ့ အီရတ်စစ်ပွဲတွေမှာ အသုံးပြုခဲ့တဲ့ MK 12 Special Purpose ရိုင်ဖယ်အမျိုးအစားဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုလက်နက်တွေကို အာဖဂန်ကနေ အမေရိကန်တပ်ဆုတ်ခွာတဲ့အခါ ပြန်ယူဆောင်မသွားဘဲ ထားခဲ့တယ်ဆိုတဲ့ဖြစ်စဉ်ကို ဆက်စပ်တွေးတောကြည့်မယ်ဆိုရင် အကြမ်းဖက်သူတွေကို ထောက်ပံ့ပေးနေသူတွေဟာ မည်သူတွေဆိုတာနဲ့ တာလီဘန်လက်နက်တွေ ဘာကြောင့် ပြည်တွင်း ရောက်ရှိနေရသလဲ ဆိုတာကို ပြည်သူတွေ သတိပြုနိုင်မှာ ဖြစ်ပါတယ်။

### အကြမ်းဖက်သင်တန်း

ထို့အတူ ယခုလဆန်းပိုင်းက နိုင်ငံတကာသတင်းတစ်ပုဒ်မှာ အမေရိကန်နိုင်ငံသား လက်နက်ကျွမ်းကျင်တဲ့ ဝါသနာရှင်တစ်ဦးက မြန်မာအစိုးရကို ဆန့်ကျင်တဲ့ ပြောက်ကျားတပ်ဖွဲ့ဝင်(PDF)တွေကို လက်လုပ်ဗုံးနဲ့ လက်နက်ပြုလုပ်နည်းအချို့၊ အကြမ်းဖက်တိုက်ခိုက်မှု နည်းလမ်းတွေကို အွန်လိုင်းကနေ သင်ကြားပေးခဲ့တယ်ဆိုတာကို ဖော်ထုတ်ရေးသားထားတာ ဖတ်လိုက်ရပါသေးတယ်။

**▲ အကြမ်းဖက်သင်တန်းကို NUG အစိုးရအဖွဲ့ဝင်၊ ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေတဲ့ ဝရမ်းပြေး ဒေါက်တာဆာဆာ တက်ရောက်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒီလို အကွက်ချစီစဉ်မှုတွေကြောင့် NUG အနေနဲ့ D Day လို့ ကြေညာခဲ့တာဖြစ်ပြီး တကယ်တမ်းမှာ သူတို့မျှော်မှန်းချက် မပြည့်ဝခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ မြန်မာ့အရေး သုံးသပ်သူအချို့ကလည်း ယခုကဲ့သို့ အကြမ်းဖက်မှုတွေဟာ ပြည်သူတွေ ဆင်းရဲဒုက္ခအတွက် ဖြေရှင်းပေးမယ့် လုပ်ရပ်မှန်မဟုတ်ဘူးဆိုတာကို သုံးသပ်ခဲ့ကြပါတယ်။ ထို့အတူပဲ အကြမ်းဖက်လမ်းစဉ်ကို အားမပေးခဲ့ဘူးဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်က လေလှိုင်းပေါ်က အကြမ်းဖက်အစိုးရရဲ့ စစ်ကြေညာမှုအပေါ်ကို မှတ်ချက်တစ်စုံတစ်ရာမပေးတာ၊ မတားဆီးတာကိုလည်း အချို့သော မြန်မာ့နိုင်ငံရေးဝေဖန်သူတွေက မေးခွန်းထုတ်လာကြတာကို နိုင်ငံတကာမီဒီယာအချို့မှာ မြင်တွေ့ပါတယ်။**

အကြမ်းဖက်သင်တန်းကို NUG အစိုးရအဖွဲ့ဝင်၊ ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေတဲ့ ဝရမ်းပြေး ဒေါက်တာဆာဆာ လာရောက်ပြီးထောက်ခံအားပေးခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒီလို အကွက်ချစီစဉ်မှုတွေကြောင့် NUG အနေနဲ့ D Day လို့ကြေညာခဲ့တာဖြစ်ပြီး တကယ်တမ်းမှာ သူတို့မျှော်မှန်းချက်မပြည့်ဝခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ မြန်မာ့အရေး သုံးသပ်သူအချို့ကလည်း ယခုကဲ့သို့ အကြမ်းဖက်မှုတွေဟာ ပြည်သူတွေ ဆင်းရဲဒုက္ခအတွက် ဖြေရှင်းပေးမယ့် လုပ်ရပ်မှန်မဟုတ်ဘူးဆိုတာကို သုံးသပ်ခဲ့ကြပါတယ်။ ထို့အတူပဲ အကြမ်းဖက် လမ်းစဉ်ကို အားမပေးခဲ့ဘူးဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်က လေလှိုင်းပေါ်က အကြမ်းဖက်အစိုးရရဲ့ စစ်ကြေညာမှုအပေါ်ကို မှတ်ချက်တစ်စုံတစ်ရာမပေးတာ၊ မတားဆီးတာကိုလည်း အချို့သော မြန်မာ့နိုင်ငံရေး ဝေဖန်သူတွေက မေးခွန်းထုတ်လာကြတာကို နိုင်ငံတကာမီဒီယာအချို့မှာ မြင်တွေ့ပါတယ်။

### အရှိတရားကိုလက်ခံ

လက်ရှိမှာတော့ ပြည်သူတွေဟာ အစိုးရနဲ့ ပူးပေါင်းပြီး ကိုဗစ်– ၁၉ တတိယလှိုင်းအန္တရာယ်ကို တွန်းလှန်နေကြပါပြီ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ မဲမသမာမှုတွေကို ပွင့်လင်းမြင်သာစွာနဲ့ ဖော်ထုတ်နိုင်ခဲ့ပါပြီ။ ကိုဗစ်ကြောင့် ယိုင်နဲ့သွားရတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို စုပေါင်းအားနဲ့ ပြန်လည်ထူမတ်နေကြပါပြီ။ မကြာခင်မှာ မြန်မာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြပါတော့မယ်။ တိုင်းပြည်တည်ငြိမ်လာတာနဲ့အမျှ အားလုံးပါဝင်တဲ့ ရိုးသားပြီးမျှတတဲ့ ရွေးကောက်ပွဲကြီးကျင်းပဖို့ ပြင်ဆင်ကြရပါတော့မယ်။ ဒါက ပြည်သူတွေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရား၊ မြေပြင်ပေါ်က အမှန်တရားပဲ ဖြစ်ပါတယ်။ တစ်ပါတီကြီးစိုးခြင်းထက် လွှတ်တော်အတွင်း နိုင်ငံရေးပါတီစုံ ပါဝင်လာတော့မှာမို့ အတွေးသစ်၊ အမြင်သစ်၊ ရှုထောင့်သစ်တွေနဲ့ တိုးတက်ကောင်းမွန်လာနိုင်မယ်ဆိုတာ အသေအချာပဲဖြစ်ပါတယ်။

ပြည်ပအထောက်အပံ့တွေရယူ၊ ပြည်ပမှာအခြေစိုက်တဲ့ NUG ကတော့ ရှေ့ကပြည်ပြေးတွေရဲ့ လမ်းစဉ်အတိုင်း တစ်နေ့တခြား လုံးပါးပါးလို့ လေထဲကအစိုးရ လေထဲမှာပဲ လွင့်ပြယ်သွားရမှာပဲ ဖြစ်ပါတယ်။

ပြည်ပက မြှောက်ပင့်ပေးသမျှ လိုက်ပါလုပ်ဆောင်နေရတဲ့ PDF တွေအတွက်လည်း ပြည်သူနဲ့ အစိုးရရဲ့ပူးပေါင်းဖော်ထုတ်မှုတွေကြောင့် မီးစမီးနများ မကြာမီငြိမ်းအေးသွားတော့မှာပဲ ဖြစ်ပါတယ်။ မြန်မာ့အနာဂတ်ဟာ မြန်မာနိုင်ငံသားတွေရဲ့ လက်ထဲမှာပဲရှိပါတယ်။ အေးချမ်းမှု၊ တည်ငြိမ်မှု၊ တရားမျှတမှုနဲ့ သာယာတဲ့လူ့ဘောင် တည်ဆောက်ဖို့ တစ်ဖက်မှာကြိုးစားကြရင်း အကြမ်းဖက်သမားတွေကို မြေပေါ်ကရော၊ မမြင်ရတဲ့ လေလှိုင်းပေါ်ကပါ အပြီးသတ်ပျောက်ကွယ်သွားအောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# အမျိုးသားပြတိုက် (နေပြည်တော်) တွင် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို ထိန်းသိမ်းထား

**နေပြည်တော် စက်တင်ဘာ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဒုတိယဝန်ကြီး ဦးထွန်းအုံတို့သည် ယနေ့မွန်းလွဲ ၂ နာရီက အမျိုးသားပြတိုက် (နေပြည်တော်) သို့ ရောက်ရှိပြီး Vault အခန်းတွင် ထိန်းသိမ်းထားရှိသော ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် မြင်းမူမြို့နယ်မှ ရရှိသော နရားခေါင်း လက်ကြပ်၊ ကျိုက္ကသာမြို့ဟောင်းမှ ရရှိသော ရွှေပြားများ၊ ပုဂံခေတ် တာရာဒေဝီ နတ်သမီးပုံ၊ ပုလဲမြို့နယ်မှ ရရှိသော ပျူခေတ်ပုတီးလုံးများ၊ တွံတေးမြို့နယ်မှရရှိသော ပုဂံခေတ် ရွှေအုန်းဖူး ဆွဲကြိုး အစရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်း ရွှေထည်ပစ္စည်း ၆၀၁ ခုကို ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါက်တာ အေးအေးသင်းတို့က ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားပြတိုက် (နေပြည်တော်) နှင့် အမျိုးသား ပြတိုက် (ရန်ကုန်) တို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုများကို ဖော်ထုတ်ပြသရန်၊ ကြွယ်ဝပြီး အဆင့်အတန်း မြင့်မားသည့် မြန်မာ့ယဉ်ကျေးမှုများနှင့် မြန်မာလူမျိုး၏ စွမ်းဆောင်ချက် (Soft Power) များကို ဖော်ထုတ်ပြသရန်၊ ခေတ်မီ ဆွဲဆောင်မှုရှိပြီး ထိန်းသိမ်းမှုစနစ်၊ ပြသမှုစနစ် မှန်ကန်ကာ အဆင့်အတန်းမြင့်မားသည့် ပြတိုက်ဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူအတွက် ဖွင့်လှစ်ပြသထားရှိသော ပြတိုက်ဖြစ်ကြောင်း။

ပြတိုက်ပစ္စည်း များကို လုံခြုံရေးအစီအစဉ်များ စနစ်တကျချမှတ် ဆောင်ရွက်သွားရန်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ခင်းကျင်းပြသရန် လျာထားသည့် တိုင်းရင်းသား ယဉ်ကျေးမှု ပြခန်းကို အဆင့်အတန်းမီဖြင့် ပြီးစီးအောင် ခင်းကျင်းရန်၊ အများပြည်သူများအား ဖွင့်လှစ်ပြသနိုင်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ၏ အေးခဲအသားနှင့် ငါးများ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်အတွက် ကြက်၊ ဝက်များကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်မွေးမြူရန်နှင့် ပြည်ပသို့ အေးခဲအသားများအဖြစ် တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန် နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အညီ လက်ရှိ ငါး/ အသား အေးခဲတင်ပို့မှုအခြေအနေနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်မှု အလားအလာများကိုသုံးသပ်၍ အစိုးရပိုင်းနှင့် ပုဂ္ဂလိကကဏ္ဍများက ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ် Action Plan ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည့် တိရစ္ဆာန်၊ အသား၊ ငါးကဏ္ဍ ပို့ကုန်မြှင့်တင်ရန် Action Plan ရေးဆွဲဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး အသားကဏ္ဍအနေဖြင့် လက်ရှိတွင် တိရစ္ဆာန်အရှင်များကိုသာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်ကတစ်ဆင့် အဓိက တင်ပို့လျက်ရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ ၂၀၂၀ အောက်တိုဘာလမှ ၂၀၂၁ စက်တင်ဘာ ၃ ရက်အထိ ရေထွက်ပစ္စည်းတန်ချိန် ၅ ဒသမ ၃ သိန်းတင်ပို့မှုမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၂၄ ဒသမ ၁၁၄ သန်း ရရှိခဲ့ပြီး တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၂၀ အောက်တိုဘာလမှ ၂၀၂၁ စက်တင်ဘာ ၃ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၁ သန်း ရရှိခဲ့ကြောင်း၊ ကမ္ဘာ့အနှံ့ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ သက်ရောက်မှုများကြောင့် အသွားအလာ ကန့်သတ်မှုများ၊ လမ်းခရီးအချိန် ကန့်သတ်မှုများ၊ ကွန်တိန်နာအခက်အခဲ၊ ငွေကြေးလည်ပတ်မှု အခက်အခဲများကြောင့် မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ပို့ကုန် တင်ပို့မှုများအပေါ် သက်ရောက်နေမှုများကို အကောင်းဆုံး ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ငါး/ အသား အေးခဲတင်ပို့မှုနှင့် ပြည်ပပို့ကုန် တိုးမြှင့်နိုင်မှု အလားအလာများကို သုံးသပ်၍ အစိုးရပိုင်းနှင့် ပုဂ္ဂလိကကဏ္ဍများက ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ် Action Plan ရေးဆွဲဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လန်ချန်း - မဲခေါင် ဒေသတွင်းနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် ဥပဒေစည်းမျဉ်းများဆိုင်ရာ ကောင်းမွန်သော အလေ့အထများကို ဖလှယ်ရန်နှင့် ဗဟုသုတကို မြှင့်တင်ရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒအစီအမံများနှင့် ဦးစားပေးလုပ်ငန်းကဏ္ဍများကို ဆွေးနွေးရန်၊ လန်ချန်း-မဲခေါင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် ရည်ရွယ်လျက် လန်ချန်း-မဲခေါင် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို လန်ချန်း - မဲခေါင် ပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၀) ဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်ထိ နှစ်ရက်ကြာ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေး သံမှူးဖြစ်သူ Mr. Tan Shufu တို့က အဖွင့်အမှာစကား ပြောကြားသည်။




ဆွေးနွေးပွဲသို့ လန်ချန်း - မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း စုစုပေါင်း ၇၀ ခန့် တက်ရောက်သည်။

ယခုလန်ချန်း - မဲခေါင် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသတွင်း နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ပထမဆုံးအကြိမ် ဆွေးနွေးပွဲလည်းဖြစ်သည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

အိမ်ထောင်စုလူဦးရေစာရင်း ၃၆၉ ခုတို့အား ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယနေ့နံနက် ၉ နာရီခွဲတွင် တာကြီးရပ်ကွက်ရှိ လာဘမုနိပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော်ရှိ ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများကို ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းမရှိသော မိသားစုများအား အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ပေးသည်။

ဒလမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းရှိ အသက် ၁၀ နှစ်အထက်ရှိသူများနှင့် အသက် ၁၈ နှစ်ပြည့်မီပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းထဲသို့ မွေးတိုးမသွင်းရသေးသူများအား စာရင်းသွင်းပေးခြင်း၊ အိမ်ထောင်စုစာရင်းမရှိသော မိသားစုများအား အိမ်ထောင်စုစာရင်း ပြုလုပ်ပေးခြင်းတို့ကို မေလ ၁၃ ရက်မှ စက်တင်ဘာလ ၂၁ ရက်အထိ ဆောင်ရွက်ပေးခဲ့ရာ (တိုင်းရင်းသား) အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးမှုအနေဖြင့် အမျိုးသား ၅၂၃ ဦး၊ အမျိုးသမီး ၄၉၈ ဦး၊ အိမ်ထောင်စုပေါင်း ၃၂၂ ခု၊ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုတွင် အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၈၇ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုတွင် အမျိုးသား ၃၂၁ ဦး၊ အမျိုးသမီး ၃၂၂ ဦးတို့အား အသီးသီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ (ဥပဒေအရ နိုင်ငံသား) အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးမှုတွင် အမျိုးသား ၉၀၊ အမျိုးသမီး ၉၇ ဦး၊ အိမ်ထောင်စုပေါင်း ၄၇ ခု၊ အသက် ၁၀ နှစ် ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုတွင် အမျိုးသား ၆ ဦး၊ အမျိုးသမီး ၆ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုတွင် အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၆၇ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသော ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြည်သူများအား ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# မျိုးဆက်သစ်တို့အတွက် ဘာအမွေတွေ ချန်ထားခဲ့ကြမလဲ

သိန်းထွန်း (IR)

**လူငယ်များဆိုသည်က နိုင်ငံတစ်နိုင်ငံအတွက် လူသားရင်းမြစ်များဖြစ်သည်။ သဘာဝသယံဇာတပစ္စည်းများတွင် ထုတ်ယူသုံးစွဲ၍ ကုန်ခန်းသွားနိုင်သည့်သယံဇာတများနှင့် ထုတ်ယူသုံးစွဲ၍ မကုန်ခန်းနိုင်သောရင်းမြစ်များပါဝင်ပါသည်။ ရေနံကဲ့သို့သော သဘာဝသယံဇာတသည် ထုတ်ယူသုံးစွဲ၍ ကုန်ခန်းနိုင်သည့် သယံဇာတဖြစ်ပါသည်။ နေရောင်ခြည်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် ထုတ်ယူသုံးစွဲ၍မကုန်နိုင်သည့် သဘာဝရင်းမြစ်ဖြစ်သည်။**

### အခြေခံလုပ်ငန်းတစ်ရပ်

နိုင်ငံတစ်နိုင်ငံအတွက် ယင်းသဘာဝသယံဇာတများ မကုန်ခန်းရေး၊ မပျက်စီးရေး၊ ရေရှည်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်နေကြသကဲ့သို့ပင် တန်ဖိုးမဖြတ်နိုင်သည့် လူသားရင်းမြစ်ဖြစ်သော အနာဂတ်မျိုးဆက်သစ်တို့ ပြုစုပျိုးထောင်ရေးနှင့် တိုးတက်မြင့်မားလာရေးအတွက်ကောင်းမွေများ လက်ဆင့်ကမ်းပေးအပ်နိုင်ရေးသည်လည်း မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

### ဘာတွေချန်ထားရစ်ကြမလဲ

အဖိုးမဖြတ်နိုင်သော လူသားရင်းမြစ်များကို မည်ကဲ့သို့ ပြုစုပျိုးထောင်မည်၊ နိုင်ငံအတွက် မည်သို့အသုံးချမည်၊ လူငယ်များအား မည်သည့်အရာများ လက်ဆင့်ကမ်းအမွေပေးမည် စသည့် လူငယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်မှု မှန်ကန်ကောင်းမွန်မှသာ အနာဂတ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းနိုင်ပါမည်။ သို့ဆိုပါလျှင် ပစ္စုပ္ပန်မျိုးဆက်တို့အနေဖြင့် မျိုးဆက်သစ်တို့အတွက် ဘယ်လိုလက်ဆင့်ကမ်းအမွေတွေပေးကြမလဲ၊ လက်ရှိမှာရော ဘာအမွေတွေပေးနေကြလဲဆိုသည်ကလည်း နဖူးပေါ် လက်တင်စဉ်းစားစရာပင် ဖြစ်သည်။

အမွေဆိုရာတွင် ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေများရှိကြသကဲ့သို့ မကောင်းသည့်ဆိုးမွေများလည်းရှိကြပါသည်။ ပစ္စုပ္ပန်မျိုးဆက်တို့၏ လက်ဆင့်ကမ်းကောင်းမွေ၊ ဆိုးမွေများသည် အနာဂတ်မျိုးဆက်တို့၏ ကိုယ်ပိုင်ဘဝများအတွက် အရေးပါပါသည်။ ထို့အတူ အနာဂတ်နိုင်ငံ တည်ဆောက်ရေးအတွက်လည်း အရေးကြီးလှပါသည်။

အနာဂတ်မျိုးဆက်တို့အတွက် စဉ်းစားရာတွင် အတိတ်မှ အဆင့်ဆင့်လက်ဆင့်ကမ်းလာခဲ့သည့် ကောင်းမွေ၊ ဆိုးမွေများထဲမှ ဆက်လက်ထိန်းသိမ်းရမည့်အရာများနှင့် စွန့်ပယ်ရမည့်အရာများကို မိမိတို့လက်ထက်တွင် တွေ့ကြုံခံစားခဲ့ရပြီး၊ တွေ့ကြုံခံစားနေရဆဲများရှိနေပါသည်။ မိမိတို့ တွေ့ကြုံခဲ့ရသည့်ကောင်းမွေ၊ ဆိုးမွေများအနက်မှ ကောင်းမွေများကိုသာ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးအပ်ကြခြင်းဖြင့် လူငယ်မျိုးဆက်တို့အတွက် ယခုထက်ပိုမိုဖြောင့်ဖြူးသော အနာဂတ်ဘဝများကို တည်ဆောက်နိုင်ပါလိမ့်မည်။ အတိတ်မှ ဆိုးမွေများအပြင် မိမိတို့လက်ထက်တွင်လည်း လူငယ်များအတွက် ဆိုးမွေအသစ်များ ထပ်မံမဖြစ်စေရေး သတိပြုဆင်ခြင်ကြရန် လိုအပ်ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် António Guterres က **"အနာဂတ်နဲ့ပတ်သက်လို့ အခြေခံအကျဆုံးမေးခွန်းကို မေးရပါမယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ကလေးတွေအတွက် ဘယ်လိုကမ္ဘာမျိုးကို ချန်ထားပေးခဲ့မလဲ"** ဟု မေးခွန်းထုတ်ဖူးပါသည်။ အလားတူပင် မိမိတို့လူမှုအသိုက်အဝန်းအတွက်၊ နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဘယ်လိုပုံစံလူမှုအသိုက်အဝန်းမျိုး၊ ဘယ်လိုနိုင်ငံမျိုး ချန်ထားခဲ့မလဲဆိုသည်မှာ လက်ရှိမျိုးဆက်တို့နှင့် သက်ဆိုင်သောမေးခွန်းဟု ဆိုရပါမည်။ ပစ္စုပ္ပန်မျိုးဆက်တို့နှင့် အနာဂတ်မျိုးဆက်တို့အကြား မှန်ကန်သောအမွေ လက်ဆင့်ကမ်းပေါင်းကူးတံတား တည်ဆောက်ရမည် ဖြစ်ပါသည်။

**❊ ကောင်းမွန်သည့်အလေ့အကျင့်များ အပြည့်အဝတည်ဆောက်ရန် ခက်ခဲတတ်သော်လည်း မကောင်းသောအလေ့အကျင့်များသည် ကူးစက်လွယ်၊ ပျံ့နှံ့လွယ်တတ်ကြပါသည်။ ပဋိပက္ခများသည့်မိသားစုတွင် ကြီးပြင်းလာသော ကလေးငယ်တစ်ဦးအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာချို့တဲ့မှုများ ခံစားရတတ်သည်ကို တွေ့ကြုံဖူးပါလိမ့်မည်။ အနီးစပ်ဆုံးအနေဖြင့် တစ်ချိန်က မိမိ၏မိဘဆွေမျိုး အသိုက်အဝန်းများထံမှ မိမိရရှိလာသော အကျင့်စရိုက်၊ အပြုအမူ၊ အပြောအဆိုနှင့် တန်ဖိုးထားမှုများကို စဉ်းစားကြည့်လျှင် ပိုမိုသိမြင်နိုင်ပါသည်။ ယင်းတို့မှာ မိသားစုတစ်ခုအနေဖြင့် လက်ဆင့်ကမ်းပေးအပ်လာသည့် အမှတ်သရုပ်လက္ခဏာအမွေများပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွက်လည်း အလားတူပင်**

### အတုမြင်အတတ်သင်

မျိုးဆက်သစ်တို့အတွက် ပေးအပ်ရမည့် လက်ဆင့်ကမ်းအမွေများထဲတွင် ပညာအမွေ၊ ဥစ္စာအမွေ၊ အသိပညာများ၊ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုအမွေတို့အပြင် တန်ဖိုးများ၊ အကျင့်စရိုက်များ၊ အတွေးအခေါ်များ၊ အမှတ်သရုပ်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် တန်ဖိုးထားမှုများတွင် တစ်ဦးချင်းတန်ဖိုး၊ အဖွဲ့အစည်းတန်ဖိုး၊ မတူကွဲပြားမှုတန်ဖိုး၊ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်စေသည့် အရည်အသွေးနှင့်တန်ဖိုးများ၊ မိမိကိုယ်ကိုယ်တန်ဖိုးထားမှုနှင့် အခြားသူများအပေါ် တန်ဖိုးထားမှု၊ အခွင့်အရေးနှင့်တာဝန်၊ တာဝန်ယူမှုနှင့် တာဝန်ခံတတ်မှု၊ အများနှင့်စုပေါင်းလုပ်ကိုင်တတ်မှု၊ လူ့အခွင့်အရေးများ ပါဝင်ပါသည်။ အမွေအနှစ်လက်ဆင့်ကမ်းသည်ဆိုရာတွင် ပညာသင်ကြားပေးခြင်း၊ လေ့ကျင့်ပြုစုပျိုးထောင်ခြင်းအပြင် နမူနာပြဦးဆောင်ခြင်းလည်း ပါဝင်ပါသည်။

မိမိတို့အိမ်တွင် သားသမီးများကို အမွေပေးအပ်ရာတွင် လက်ဆုပ်လက်ကိုင်ပြ၍မရသည့် အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူ၊ အကျင့်စရိုက်၊ ကိုးကွယ်ရာဘာသာ၊ ဓလေ့ထုံးစံတို့ကို သားသမီးများက အတုမြင်အတတ်သင် မိဘတို့၏ အမူအကျင့်၊ စရိုက်များကို လက်ဆင့်ကမ်းယူနေသည်ကို လက်တွေ့မြင်နိုင်ပါသည်။ အမိယုတ်တော့ နှုတ်ကြမ်း၊ အဖယုတ်တော့ ကိုယ်ကြမ်း၊ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးဆိုသည့် စကားတို့သည် သင်ပေးစရာမလို၊ လေ့ကျင့်ပေးစရာမလိုဘဲ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်လာသည့်အမွေဆိုးများ ဖြစ်ပါသည်။

ကောင်းမွန်သည့်အလေ့အကျင့်များ အပြည့်အဝတည်ဆောက်ရန် ခက်ခဲတတ်သော်လည်း မကောင်းသောအလေ့အကျင့်များသည် ကူးစက်လွယ်၊ ပျံ့နှံ့လွယ်တတ်ကြပါသည်။ ပဋိပက္ခများသည့် မိသားစုတွင် ကြီးပြင်းလာသော ကလေးငယ်တစ်ဦးအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာချို့တဲ့မှုများ ခံစားရတတ်သည်ကို တွေ့ကြုံဖူးပါလိမ့်မည်။ အနီးစပ်ဆုံးအနေဖြင့်တစ်ချိန်က မိမိ၏မိဘဆွေမျိုးအသိုက်အဝန်းများထံမှ မိမိရရှိလာသောအကျင့်စရိုက်၊ အပြုအမူ၊ အပြောအဆိုနှင့် တန်ဖိုးထားမှုများကို စဉ်းစားကြည့်လျှင် ပိုမိုသိမြင်နိုင်ပါသည်။ ယင်းတို့မှာ မိသားစုတစ်ခုအနေဖြင့် လက်ဆင့်ကမ်းပေးအပ်လာသည့် အမှတ်သရုပ်လက္ခဏာအမွေများပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွက်လည်း အလားတူပင်။

### မျိုးဆက်ဟောင်းတို့တာဝန်

နိုင်ငံတစ်နိုင်ငံတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင်လည်းကောင်း ထိုကဲ့သို့သော ကောင်းမွေဆိုးမွေများရှိကြပါသည်။ အနာဂတ်မျိုးဆက်သစ်တို့အတွက် ကောင်းမွေများ လက်ဆင့်ကမ်းပေးလိုသည့်ဆန္ဒသည် ကမ္ဘာကြီးအတွက်၊ နိုင်ငံအတွက်၊ လူ့အဖွဲ့အစည်းအတွက် ကူညီပေးလိုခြင်း၊ တည်ဆောက်ပေးလိုခြင်း၊ တိုးတက်စေလိုခြင်း စေတနာပင်ဖြစ်ပါသည်။ သတိပြုရမည်မှာ လက်ဆင့်ကမ်းအမွေအနှစ်များတွင် သူတို့ ထိတွေ့ခံစား၊ ကြုံတွေ့ခဲ့ရသည့်ဘဝများနှင့် သူတို့ ဩဇာလွှမ်းမိုးခဲ့သည့်ပုဂ္ဂိုလ်များ ပါဝင်လေ့ရှိတတ်ခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မျိုးဆက်သစ်လူငယ်များသို့ ကောင်းမွန်သည့်အမွေများ လက်ဆင့်ကမ်းနိုင်ရန် သတိပြုဆင်ခြင်၍ ဆောင်ရွက်ကြရမည်မှာ မျိုးဆက်ဟောင်းများ၏ တာဝန်ပင်ဖြစ်ပါသည်။

ပစ္စုပ္ပန်မျိုးဆက်တို့၏ အတွေးအခေါ်၊ အပြုအမူ၊ အကျင့်စရိုက်၊ အလေ့အထနှင့် တန်ဖိုးထားမှုများအနက် နောင်လာမည့် မျိုးဆက်တို့အတွက် လက်ဆင့်ကမ်းယူသင့်သည့်အရာများ၊ လက်ဆင့်ကမ်းမယူသင့်သည်များ ပါဝင်နေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အနာဂတ်မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းအမွေတို့ကို ရေရှည်တည်တံ့ခိုင်မြဲ၍ စစ်မှန်သောနည်းလမ်းဖြင့် ချန်ထားခဲ့ရန် အရေးကြီးလှပါသည်။

**❍ နိုင်ငံတစ်နိုင်ငံအတွက်ဆိုရပါက သိသာမြင်သာနိုင်သော သဘာဝသယံဇာတများသာမက ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖြစ်တည်နေဆဲ နိုင်ငံရေးဓလေ့များ၊ ယဉ်ကျေးမှုများ၊ လူမှုတန်ဖိုးများသည် အနာဂတ်မျိုးဆက်သစ်တို့အတွက် ကောင်းမွေ၊ ဆိုးမွေများဖြစ်လာမည်ကို သတိပြုဆင်ခြင်ကြရန် အရေးကြီးလှပါသည်**

မိမိတို့ကိုယ်ကိုယ်မိမိတို့ပြန်လည်မေးခွန်းထုတ်ရမည်မှာ အနာဂတ်မျိုးဆက်သစ်တို့ကောင်းဖို့ မိမိတို့ဘာလုပ်နေသလဲနှင့် မျိုးဆက်သစ်တို့ ထိခိုက်ဖို့ ဘာလုပ်နေသလဲဆိုသည့် မေးခွန်းပင်ဖြစ်သည်။ ယင်းမေးခွန်းများ၏အဖြေသည် မိမိတို့၏သမိုင်းဟုလည်း ဆိုရပါလိမ့်မည်။ မျိုးစေ့မမှန် ပင်မသန် ဖူးတံငုံကင်း အသီးဖျင်းဆိုသည့်စကားလိုပင်။ ကောင်းမွန်သည့်အမွေ ချန်ထားမှသာ ကောင်းမွန်သည့်အကျိုးဆက်ကို မျှော်မှန်းနိုင်ပါလိမ့်မည်။

ထို့အပြင် မိမိတို့၏ ကိုယ်ပိုင်အမှတ်လက္ခဏာတို့သည် မိမိတို့၏လုပ်ဆောင်ချက်များမှ ဖြစ်တည်လာသည်ကို သတိပြုကြရမည် ဖြစ်ပါသည်။ ကျေးဇူးပြု၍ သင့်၏လက်ဆင့်ကမ်း အမွေများနဲ့ပတ်သက်လို့ စဉ်းစားပေးကြပါ၊ ဘာကြောင့်လဲဆိုတော့ သင်ဟာ အဲဒါကို နေ့စဉ်နေ့တိုင်းရေးထိုးနေလို့ဖြစ်ပါတယ်လို့ ဘီလာရုစ်-အမေရိကန် စွန့်ဦးတီထွင်သူ၊ စာရေးဆရာ Gary Vaynerchuk က ပြောခဲ့ဖူးပါသည်။

### စိတ်ရင်းစေတနာနှင့် မျှော်မှန်းနိုင်စွမ်း

အနာဂတ်မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းအမွေများဆိုသည်က နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ တန်ဖိုးထားမှုများ စသည်ဖြင့် ကဏ္ဍအစုံ၊ အကြောင်းအရာမျိုးစုံ ရှိပါသည်။ ယင်းကဏ္ဍများအလိုက် ယနေ့ပစ္စုပ္ပန်မျိုးဆက်များ၏ ပြုမူဆောင်ရွက်လုပ်ကိုင်နေကြပုံများသည် အနာဂတ်မျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေများ ဖြစ်နေပါသည်။ ထိုအမွေများ ကောင်း၏၊ မကောင်း၏၊ သင့်၏၊ မသင့်၏ဆိုသည်က မိမိတို့ ပစ္စုပ္ပန်မျိုးဆက်များ၏ စဉ်းစားတွေးခေါ်မှု၊ စိတ်ရင်းစေတနာနှင့် မြော်မြင်နိုင်စွမ်းတို့အပေါ် မူတည်နေပါသည်။

မျိုးဆက်သစ်များအတွက် အနာဂတ်ရေရှည်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် လက်တွေ့ကျသော အကောင်အထည်ဖော်မှု၊ မှန်ကန်သောဦးဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ လူငယ်များအတွက် အကျိုးရှိသောအမွေဖြစ်ပါလိမ့်မည်။ မိဘတစ်ဦးအနေဖြင့်ဆိုရပါက ကျောင်းပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာ၊ ပစ္စည်းဥစ္စာအမွေပေးရုံဖြင့် ပြီးပြည့်စုံသည့် လက်ဆင့်ကမ်းအမွေဟု မဆိုနိုင်ပါ။ ပညာရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်သော လူ့အဖွဲ့အစည်းတို့သည် အနာဂတ်မျိုးဆက်သစ်တို့အတွက် အခြေခံလိုအပ်ချက်များတွင် ပါဝင်သကဲ့သို့ အခြားသော မမြင်နိုင်သည့်အမွေများ ကျန်ရှိနေသည်ကို သတိပြုကြရမည် ဖြစ်ပါသည်။

**နိုင်ငံတစ်နိုင်ငံအတွက်ဆိုရပါက သိသာမြင်သာနိုင်သော သဘာဝသယံဇာတများသာမက ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖြစ်တည်နေဆဲ နိုင်ငံရေးဓလေ့များ၊ ယဉ်ကျေးမှုများ၊ လူမှုတန်ဖိုးများသည် အနာဂတ်မျိုးဆက်သစ်တို့အတွက် ကောင်းမွေ၊ ဆိုးမွေများဖြစ်လာမည်ကို သတိပြုဆင်ခြင်ကြရန် အရေးကြီးလှပါသည်။**

သို့ဖြစ်ရာ မျိုးဆက်သစ်များ၏ အနာဂတ်ဘဝများ တိုးတက်စေရေး၊ နိုင်ငံတိုးတက်စေရေးအတွက် မျိုးဆက်သစ်တို့အတွက် ဘာအမွေတွေ ချန်ပေးခဲ့မလဲဆိုသည်မှာ လက်ရှိမျိုးဆက်တို့ ဖြေကြရမည့်မေးခွန်းဖြစ်ပါသည်။

ထို့အတူ မျိုးဆက်ဟောင်းတို့ထံမှ ဘယ်လိုအမွေမျိုးကို ဆက်ခံယူကြမလဲ၊ ဘယ်လိုအမွေမျိုးကို စွန့်ပစ်ကြမလဲဆိုသည်ကို မျိုးဆက်သစ်များသို့ ထပ်မံမေးမြန်းရန် ကျန်ရှိနေပါဦးမည်။ ။

*❄ ကျောဖုံးမှ*


ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ညနေ ၄ နာရီခန့်တွင် လမ်းမတော်မြို့နယ် (၇) ရပ်ကွက် လမ်းမတော်လမ်း တိုက်အမှတ် (၅၃) ဘေးလမ်းကြား၌ **အောင်မျိုးသူ (ခ) သာဂိ** ကို လက်ပစ်ဗုံး သုံးလုံးနှင့်လည်းကောင်း၊ လှိုင်မြို့နယ် ပါရမီလမ်း ပညာပါရမီရိပ်သာ အခန်းအမှတ် (၁၀၁) ၌ **ထက်ဆွေဖြိုး၊ စိုးသီဟမင်းနှင့် ဂျိုးဇက်ဗန်လျန်မှုန် (ခ) ဂျိုးဇက်** တို့ သုံးဦးကို ၉ မမ ကျည် ၁၀ တောင့်၊ ၅.၅၆ ကျည် တစ်တောင့်အပါအဝင် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ **နေသွေး၊ ကျော်ကိုကို၊ ကျော်မင်းထွန်း** တို့ သုံးဦးကို ဗဟန်းမြို့နယ်ရှိ ယုဇနပဟိုတယ်၌ လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် **မင်းမင်းစိုးနှင့် ဇော်ဇော်ဟန်**တို့ နှစ်ဦးကို ရန်ကုန်မြို့ အမှတ် (၃) လမ်းဆုံ စစ်ဆေးရေးဂိတ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**


အထက်ပါ ဖမ်းဆီးရမိဖြစ်စဉ်များတွင် အကြမ်းဖက်လုပ်ရပ်များ၌ ပါဝင်ပတ်သက်သူ စုစုပေါင်း **တရားခံ** ၁၂ ဦးကို လက်လုပ်သေနတ် နှစ်လက်၊ ၉ မမကျည် ၁၂ တောင့်၊ ၅.၅၆ ကျည် တစ်တောင့်၊ ရှေ့ထွက်မိုင်း တစ်လုံး၊ လက်လုပ်ဗုံး မျိုးစုံ ၁၂ လုံး၊ လက်ပစ်ဗုံး လေးလုံး၊ အသံဗုံးမျိုးစုံ ၁၆ လုံး၊ ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းတို့အနက် **အောင်မျိုးသူ** သည် KNLA တပ်မဟာ (၅) နယ်မြေအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းကိုလည်းကောင်း၊ **မင်းဖြိုးသော်၊ နေသွေး၊ ကျော်ကိုကို၊ မင်းမင်းစိုးနှင့် ဇော်ဇော်ဟန်** တို့သည် မိုးဗြဲမြို့အနီးရှိ NLD ပါတီဝင်များ ဦးဆောင်သော ကယားပြည်နယ် သပိတ်ကော်မတီမှ ဖွင့်လှစ်သည့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကိုလည်းကောင်း တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ ဖမ်းဆီးရမိ တရားခံများမှ မင်းဖြိုးသော်၊ နေသွေး၊ ကျော်ကိုကို၊ မင်းမင်းစိုး၊ ဇော်ဇော်ဟန်၊ သော်ဇင်စိုး၊ ကျော်နိုင်အောင်၊ အောင်မျိုးသူနှင့် ကျော်မင်းထွန်းတို့ ကိုးဦးသည် မင်းသက်နောင် (ခ) စဒမ်ကြီး (ခ) မုတ်ဆိတ်ကြီး (ဖမ်းဆီးရန်ကျန်)၏ စည်းရုံးမှုအရ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရန်ကုန်မြို့ပြ ပြောက်ကျား တော်လှန်ရေးအဖွဲ့ (Yangon Urban Guerrilla Revolution–YUG) လက်အောက်ခံ နွေဦးစစ်သည် (Spring Soldier–SS) အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

**ရန်ကုန်မြို့အတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်နေသည့် လသာမြို့နယ်မှ ဖမ်းဆီးရမိသည့် တရားခံ ၁၂ ဦး၏ ပတ်သက်ဆက်နွယ်မှုအခြေပြ Diagram**




**အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် ရန်ကုန်မြို့ပြပြောက်ကျားတော်လှန်ရေးအဖွဲ့ (YUG) လက်အောက်မှ နွေဦးစစ်သည်အဖွဲ့ (Spring Soldier – SS) ဖွဲ့စည်းထားရှိမှု Diagram**




**ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်**

တရားခံ **မင်းဖြိုးသော်၊ နေသွေး၊ မင်းမင်းစိုးနှင့် ဇော်ဇော်ဟန်** တို့သည် မေ ၁၀ ရက်တွင် မင်းသက်နောင်၏ စေခိုင်းချက်အရ မြေနီကုန်း(မြောက်)ရပ်ကွက် အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ရန်အတွက် နေအိမ်ရှေ့တွင် လက်လုပ်ဗုံး နှစ်လုံးအား ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲ၍ လည်းကောင်း၊ **မင်းသက်နောင်၊ မင်းဖြိုးသော်** နှင့် **ကျော်ကိုကို** တို့သည် ဩဂုတ် ၂၈ ရက်တွင် လှိုင်မြို့နယ် (၁၂) ရပ်ကွက်၊ အင်းစိန်လမ်းရှိ Idol bar အနီး မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံရှေ့ ပလက်ဖောင်းပေါ်တွင် လက်လုပ်ဗုံး တစ်လုံးအား ဖုန်းဖြင့်ချိတ်ဆက်ဖောက်ခွဲ၍ လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**ငွေကြေးထောက်ပံ့**

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်နိုင်ရေးအတွက် NLD ပါတီမှ ၂၀၁၅ ခုနှစ် စမ်းချောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖြစ်သူ သော်တာအောင်က ချိတ်ဆက်ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် သော်တာအောင်သည် အဆိုပါ သင်တန်းဆင်းအဖွဲ့များ ပြန်လည်ရောက်ရှိချိန်တွင်လည်း ရန်ကုန်မြို့တွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ အများပြည်သူ ထိခိုက်သေကျေစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၂ သို့*

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့ကို အကြမ်းဖက်သူတစ်ဦးက လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုကိုမလိုလားသည့် NUG၊ CRPH နှင့် PDF အကြမ်းဖက်အဖွဲ့များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကိုပါ ပျက်ပြားစေရန် အကြမ်းဖက် တိုက်ခိုက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီမြို့နယ် အမှတ်(၉)ကျေးရွာထိပ်၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမင်းကို (ဘ) ဦးအေးကို ပါဝင်သောပူးပေါင်း အဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး လုပ်ငန်းများဆောင်ရွက်နေစဉ် ယမန်နေ့ည ၇ နာရီခန့်တွင် မောတောင်မြို့ဘက်မှ တနင်္သာရီမြို့ဘက်သို့ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသား တစ်ဦးက သေနတ်ဖြင့် လာရောက်ပစ်ခတ် ထွက်ပြေးသွားခဲ့ရာ ဦးအေးမင်းကိုတွင် ဝဲရင်အုံကျည်ဖောက်ဝင်ဒဏ်ရာနှင့် အနီးတွင် ရှိနေသူ ဦးမျိုးဇော် (၃၉) နှစ် (ဘ) ဦးသန်းရွှေတွင် ဝဲချိုစောင်းပေါက်ပြဲဒဏ်ရာတို့ ရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး မောတောင် တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဦးအေးမင်းကိုမှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ထွက်ပြေးသွားသူကို အမြန်ဆုံး ဖော်ထုတ် ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


ဦးမျိုးဇော်(ဒဏ်ရာရ)


ဦးအေးမင်းကို (သေဆုံး)

**သတင်းစဉ်**

# နော့ဝ့်ချ်အသင်းကို အနိုင်ရပြီး ကာရာဘောင်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့် လီဗာပူးအသင်း

ကာရာဘောင်ဖလားပြိုင်ပွဲ တတိယ အဆင့် ပွဲစဉ်အဖြစ် နော့ဝ့်ချ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက နော့ဝ့်ချ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို မီနာမီနိုနှင့် အိုရီဂီတို့က သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် နော့ဝ့်ချ်အသင်းရော လီဗာပူးအသင်းပါ အဓိက ကစားသမားအများစုကို အနားပေးပြီး အရန်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ နော့ဝ့်ချ်တိုက်စစ်တွင် ဇိုလစ်၊ အီဒါတို့ ပါဝင်လာခဲ့သလို လီဗာပူးအသင်း တိုက်စစ်တွင်လည်း မီနာမီနို၊ အိုရီဂီ၊ ဂေါ်ဒွန်တို့ ပါဝင်လာခဲ့သည်။ လီဗာပူးအသင်းသည် နော့ဝ့်ချ်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုအပိုင်းတွင် နော့ဝ့်ချ်အသင်းက အသာရခဲ့သည်။ သို့သော်လည်း လီဗာပူးအသင်းခံစစ်တွင် ပွဲထွက်လာသည့် ဆီမီကပ်စ်၊ ဂိုမက်ဇ်၊ ကိုနာတေး၊ ဘရက်ဒလေတို့ ကောင်းမွန်စွာရှင်းထုတ်နိုင်ခဲ့မှု၊ ဂိုးသမားကယ်လာဟာ လက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့် နော့ဝ့်ချ်အသင်း ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ပွဲအစ လေးမိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး အိုရီဂီ၏ ဖန်တီးမှုမှတစ်ဆင့် မီနာမီနိုက သွင်းယူပေးခဲ့သည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် နော့ဝ့်ချ်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဇိုလစ်၏ ကန်သွင်းချက်ကို ဂိုးသမား ကယ်လာဟာ ကာကွယ်နိုင်ခဲ့သည့်အတွက် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ ယနေ့ပွဲစဉ်တွင် နော့ဝ့်ချ်အသင်း၏ အသင်းလိုက် စွမ်းဆောင်ပိုင်းကျဆင်းခဲ့သော်လည်း လီဗာပူးအသင်းက အချိတ်အဆက်မိမိဖြင့် ကစားထားနိုင်ခဲ့သောကြောင့် စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း လီဗာပူးအသင်းကသာ ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ဆီမီကပ်စ်၏ ဖန်တီးမှုမှတစ်ဆင့် အိုရီဂီက သွင်းယူပေးခဲ့သည်။ နော့ဝ့်ချ်အသင်းအနေဖြင့် ချေပဂိုးများရရှိရေး ကြိုးစားလာခဲ့သော်လည်း စုဖွဲ့မှုအားကောင်းသည့် လီဗာပူးအသင်းကို မယှဉ်သာဘဲ တတိယဂိုး ခွင့်ပြုပေးခဲ့ရသည်။ လီဗာပူးအသင်းအတွက် အဆိုပါ ဂိုးကို မိနစ် ၈၀ တွင် ချန်ဘာလိန်၏ ဖန်တီးမှုမှတစ်ဆင့် မီနာမီနိုက သွင်းယူပေးခဲ့သည်။

နော့ဝ့်ချ်အသင်းသည် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ကာရာဘောင် ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ထို့အပြင် နော့ဝ့်ချ်အသင်းသည် ယနေ့ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲစုံ နောက်ဆုံးရှစ်ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိပြီး ရှုံးပွဲခုနစ်ပွဲအထိ ရှိလာခဲ့သည်။ ပြိုင်ဘက် လီဗာပူးအသင်းက အနိုင်ရရှိခဲ့သောကြောင့် အဆိုပါ ဖလားပြိုင်ပွဲ စတုတ္ထအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ လာမည့်ပွဲစဉ်အဖြစ် နော့ဝ့်ချ်အသင်းက အဲဗာတန်အသင်းနှင့် စက်တင်ဘာ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သလို လီဗာပူးအသင်းက ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားသော ပွဲစဉ် ရလဒ်များတွင် ဘန်လေအသင်းက ရော့ချ်ဒေးအသင်းကို လေးဂိုး-တစ်ဂိုး၊ မန်စီးတီးအသင်းက ဝိုင်ကမ်ဘီအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ဘရန့်ဖို့ဒ်အသင်းက အိုးဟမ်းအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ စတုတ်အသင်းက ဝက်ဖို့ဒ်အသင်းက သုံးဂိုး-တစ်ဂိုး၊ ပရက်စ်တန်အသင်းက ချဲလ်တန်ဟမ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကျူပီအာရ်အသင်းက အဲဗာတန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ရှစ်ဂိုး-ခုနစ်ဂိုး၊ ဆောက်သမ်တန်အသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် ရှက်ဖီးလ်အသင်းကို လေးဂိုး-နှစ်ဂိုး၊ လိဒ်စ်အသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် ဖူလ်ဟမ်အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

လီဗာပူးအသင်းမှ မီနာမီနို နော့ဝ့်ချ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။




○ *ကျောဖုံးမှ*

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် စင်ကာပူ၊ ခြေစစ်ပွဲအောင် အသင်း၊ ထိုင်းအသင်းတို့နှင့် ပွဲများကို နှစ်ရက်ခြား သုံးပွဲဆက်ကစားရမည်ဖြစ်သော်လည်း နောက်ဆုံးပွဲဖြစ်သည့် ဖိလစ်ပိုင်နှင့် ပွဲမတိုင်မီ နားရက်ခြောက်ရက် ရရှိမည်ဖြစ်သည်။ အုပ်စုအနေအထားအရ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်တို့နှင့်ပွဲများမှာ အရေးပါလျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စုတွင်း ပြိုင်ဘက်များအနက် စင်ကာပူ၊ ထိုင်းအသင်းတို့နှင့် ၂၀၁၄ ပြိုင်ပွဲ၊ ဖိလစ်ပိုင်အသင်းနှင့် ၂၀၁၂ ပြိုင်ပွဲတို့တွင် အုပ်စုအဆင့်၌ နောက်ဆုံးတွေ့ဆုံခဲ့သည်။ ခြေစစ်ပွဲကစားမည့် အသင်းများအနက် တီမောအသင်းနှင့် ၂၀၀၄ ပြိုင်ပွဲတစ်ခုသာ အုပ်စုအဆင့်တွင် တွေ့ဆုံဖူးပြီး ဘရူနိုင်းအသင်းနှင့် တွေ့ဆုံဖူးခြင်းမရှိကြောင်း သိရသည်။

**ရဲရင့်လွင်**

**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

*စာမျက်နှာ ၁၁ မှ*

**စိုးသီဟမင်း၊ ထက်ဆွေဖြိုးနှင့် ဂျိုးဇက်ဗန်လျှန်မှုန်** တို့သည် ကျော်ထက်အောင် (ဖမ်းဆီးရန်ကျန်) နှင့်ပူးပေါင်း၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လှိုင်မြို့နယ် ပါရမီလမ်းရှိ စိုးသီဟမင်း၏ နေအိမ်၌ ဖောက်ခွဲရေးသင်တန်းဖွင့်လှစ်ကာ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းစသည့် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများ ပြုလုပ်ခြင်း၊ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုရန် လက်လုပ်သေနတ်ပြုလုပ်ခြင်းများ သင်ကြားလေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**လုံခြုံရေးတိုးမြှင့်**

အစွန်းရောက် လူငယ်များအနေဖြင့် အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံအားပေးသူများက တရားမဝင်ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ စေခိုင်းချက်အရ မြို့နယ်အချို့တွင် ပြည်သူလူထုအား ထိခိုက်ပျက်စီးစေရန်၊ မြို့ရွာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်စေရန် ရည်ရွယ်ကာ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အုပ်ချုပ်ရေးမှူးများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိကြောင်း၊ ထို့အပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ချိတ်ဆက်၍ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခြင်း၊ လက်နက်/ခဲယမ်းများ စုဆောင်းခြင်း၊ အဖျက်လုပ်ငန်းများ လုပ်ဆောင်ရန် လူစုဆောင်းခြင်းများကိုပါ ပြုလုပ်လာသောကြောင့် အကြမ်းဖက်သူများ ခိုအောင်းနေထိုင်လှုပ်ရှားမှု မရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အထက်ပါဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက် ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေချီးမြှင့်ပေးမည် ဖြစ်ကြောင်းနှင့် မြို့/ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်ရန်နှင့် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးဖော်ဆောင်ရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းပြော

**ဂျီနီဗာ စက်တင်ဘာ ၂၂**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်ရန်နှင့် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေး ဖော်ဆောင်ရန် ထပ်လောင်းပြောကြားလိုက်သည်။

စက်တင်ဘာ ၂၁ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ အထွေထွေညီလာခံသို့ ပြောကြားသော မိန့်ခွန်းတွင် မွန်က ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ဆွေးနွေးပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။

မွန်ဂျေအင်းသည် ၂၀၁၇ ခုနှစ် သမ္မတတာဝန်စတင်ထမ်းဆောင်ကတည်းက မြောက်ကိုရီးယားနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၈ ကိုရီးယားပြည်တွင်းဆွေးနွေးပွဲကို အကောင်အထည်ဖော်ရန်လိုကြောင်း မွန်က အလေးအနက်ထားပြောကြားသည်။



တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မိန့်ခွန်းပြောကြားစဉ်။

ကိုရီးယားနှစ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုပါ အဖွဲ့သုံးဖွဲ့ သို့မဟုတ် တရုတ်နိုင်ငံအပါအဝင် အဖွဲ့လေးဖွဲ့က ကိုရီးယားစစ်ပွဲ ပြီးဆုံးကြောင်း ပူးတွဲကြေညာသင့်သည်ဟု မွန်က အဆိုပြုပြောကြားသည်။

အဆိုပါကြေညာချက်သည် ကိုရီးယားကျွန်းဆွယ် ပြန်လည်သင့်မြတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးကြီးသော အစပျိုးခြေလှမ်းတစ်ရပ်ဖြစ်သင့်ကြောင်း မွန်က အလေးအနက်ပြောသည်။

ကိုရီးယားစစ်ပွဲတွင် ပါဝင်ခဲ့သော အဖွဲ့များသည် ၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်က ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အကြမ်းဖက်မှုများကို တားဆီးခဲ့ကြသည်။ သို့သော်လည်း ပဋိပက္ခသည် ဘယ်တော့မှ အဆုံးသတ်သွားခြင်းမရှိပေ။

ကိုရီးယားနှစ်နိုင်ငံလုံး ကုလသမဂ္ဂထဲဝင်ရောက်ခဲ့သည်မှာ ယခုနှစ်တွင် နှစ်ပေါင်း ၃၀ ပြည့်ပြီဖြစ်သည်။ လာမည့်နှစ် မေလတွင် သက်တမ်းကုန်ဆုံးတော့မည့် မွန်သည် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးရရှိရန် လုံ့လထုတ် လုပ်ဆောင်မှုတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ပံ့ကူညီမှုရရှိရန် ဆောင်ရွက်လျက်ရှိပုံပေါ်သည်။

သို့သော်လည်း မြောက်ကိုရီးယားသည် စကားဝိုင်းဆွေးနွေးမှုကို ပါဝင်လုပ်ဆောင်ရန် စိတ်အားထက်သန်ပုံမပြပေ။ မြောက်ကိုရီးယားသည် ယခုလတွင် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို မကြာခဏပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်အစားအစာထုတ်ကုန်များအပေါ် တားမြစ်ကန့်သတ်ချက်များကို အမေရိကန် ဖြေလျှော့

**တိုကျို စက်တင်ဘာ ၂၂**

ဖူကူရှီးမားတွင် ၂၀၁၁ နျူကလီးယားစက်ရုံ မတော်တဆမှုဖြစ်ပြီးနောက် အမေရိကန်ပြည်ထောင်စုသည် တချို့ဂျပန်အစားအစာ ထုတ်ကုန်များအပေါ် ထားရှိသော တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်းပေးခဲ့သည်။

အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ဖူကူရှီးမားနှင့် တခြားခရိုင် ၁၃ ခုတို့မှ အစားအစာ အမျိုးပေါင်း ၁၀၀အပေါ် သွင်းကုန်သတိပေးချက်ကို ရုပ်သိမ်းပေးခဲ့ကြောင်း စက်တင်ဘာ ၂၁ ရက်က ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ဂျပန်နိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် သားငါးထွက်ကုန်များအပါအဝင် အစားအစာများ တင်ပို့ရာ တတိယအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံ၏ လွန်ခဲ့သောနှစ်က တင်ပို့မှုပေါင်းသည် အမေရိကန်ဒေါ်လာ တစ် ဘီလီယံကျော်လွန်ခဲ့သည်။



ဂျပန်နိုင်ငံ၏ အစားအစာအချို့ကို တွေ့ရစဉ်။

တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်းပေးလိုက်ခြင်းနှင့် အတူ ဖူကူရှီးမားမှ ဆန်နှင့် အိမ်နီးချင်း တိုချီဂီနှင့် အီဘရာကီခရိုင်တို့မှ ဂျပန်မှိုကဲ့သို့သော ထုတ်ကုန်များကို ယခုအခါတွင် ထပ်မံတင်ပို့နိုင်မည် ဖြစ်သည်။

ထို့အပြင် ဥရောပသမဂ္ဂသည် ဂျပန်အစားအသောက် အမယ်စာရင်းအချို့အပေါ် တင်ပို့မှုပိတ်ပင်ကန့်သတ်မှုများကို ဖြေလျှော့ပေးမည့်အစီအစဉ်ကို ကြေညာတော့မည်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း တရုတ်၊ တောင်ကိုရီးယားနှင့် တရုတ် (တိုင်ပေ) အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၁၄ ခုတို့က ဂျပန်အစားအစာ ထုတ်ကုန်အချို့ကို ဆက်လက်ပိတ်ထားဆဲ ရှိသေးသည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၁ ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံထိုးနှံပေးရန် ထိုင်း ရည်မှန်း

**ဘန်ကောက် စက်တင်ဘာ ၂၂**

၂၀၂၁ ခုနှစ်ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ထိုင်းအစိုးရက ပြောကြားထားသည်။

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၂၅၂ ဦးရှိလာပြီး ၁၄၁ ဦး ထပ်မံသေဆုံးကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ) ၏ ဖော်ပြချက်အရ သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၄၀၀၀ နီးပါးမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်နှင့် အိမ်နီးချင်းပြည်နယ်များမှဖြစ်သည်။ အဆိုပါဒေသများတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၃ ဦး ရှိကြောင်းဖော်ပြသည်။ နိုင်ငံတစ်ဝန်း နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၁၃၆၉၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ကောင်းမွန်လာသူ ၁၃၆၆၅၃၃ ဦးရှိသည်။

လွန်ခဲ့သောနှစ်စပိုင်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၁၁၃၅၇ ရှိပြီး သေဆုံးသူပေါင်းမှာလည်း ၁၅၇၅၃ ဦးအထိ တိုးလာသည်။

စက်တင်ဘာ ၂၁ ရက်အထိ စုစုပေါင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၄၆ သန်းကျော် ရှိလာခဲ့သည်။ ၆၉ သန်းရှိသည့် ထိုင်းနိုင်ငံလူဦးရေ၏ အကြမ်းဖျင်း ၂၂ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်သည်။ **ဆင်ဟွာ**

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၁၈ သန်းကျော်လွန်လာ

**အဒစ်အဘာဘာ စက်တင်ဘာ ၂၂**

အာဖရိကတွင် စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၁၇၇၉၁၉ ဦး ရောက်ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၀၇၁၃၂ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၇၅၃၄၅၄၄ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ၂၈၈၆၃၃၁ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး မြောက်ပိုင်းအာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၂၂၂၂ ဦး ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ အာဖရိကအလယ်ပိုင်းသည် ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ခုနစ်သိန်းကျော်အထိ ရှိလာ

**ဟနွိုင်း စက်တင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၅၂၇ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ နှစ်ဦးနှင့် ပြည်တွင်းကူးစက် ဖြစ်ပွားသူ ၁၁၅၂၅ ဦးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၁၈၉၆၃ ဦးအထိ ရောက်ရှိလာပြီး ၁၇၇၈၁ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၅၄၃၅ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၁၇၉ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၉၃၀ တို့ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၄၈၇၂၆၂ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၃၅ ဒသမ ၇ သန်းကျော်လွန်လာပြီဖြစ်သည်။

စက်တင်ဘာ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၁၄၄၉၇ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**

# မိုးခေါင်မှုကို အန်တုပြီး မိသားစုအသက်ရှင်ရေး ရုန်းကန်နေတဲ့ ကင်ညာလယ်သမားများ

*--- လင်းဟန်သစ် ---*

ကင်ညာနိုင်ငံရဲ့ လယ်ယာမြေပိုင်ဆိုင်မှုအနည်းငယ်သာရှိတဲ့လယ်သမားတွေဟာ မိုးခေါင်ခြောက်သွေ့ကာလနဲ့ ကြုံတွေ့နေရတဲ့ကြားထဲ စားနပ်ရိက္ခာမလုံလောက်မှုနဲ့လည်း ရင်ဆိုင်နပန်းလုံးနေရပါတယ်။ ပီတာဒိုလိုဟာ ဒီအခြေအနေတွေကို တွန်းလှန်ဖယ်ရှားဖို့ ကျောက်ခွဲမတတ် ပူပြင်းတဲ့ နေရောင်အောက်မှာ စိုက်ပျိုးလို့ရလိုရငြားသူ့ရဲ့ လယ်မြေလေးကို ပြုပြင်နေပါတယ်။

**ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်အဖြေရှာ**

သူ့ရဲ့လယ်ယာမြေအနည်းငယ်ဟာ ကင်ညာနိုင်ငံအရှေ့တောင်ပိုင်း ခြောက်သွေ့တဲ့ မိုးခေါင်ဒေသမှာရှိပြီး ပြီးခဲ့တဲ့ သီးနှံရိတ်သိမ်းချိန်တုန်းကလည်း မိုးရေလုံလုံလောက်လောက် မရရှိခဲ့တဲ့အတွက် အထွက်နှုန်းမကောင်းခဲ့ပါဘူး။ အောက်တိုဘာလ နောက်တစ်ချိန် မိုးရာသီကာလမှာလည်း ဒီလိုမျိုးထပ်ဖြစ်မလာဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ အဲဒီဒေသရဲ့ ရာသီဥတုက ပူပြင်းခြောက်သွေ့တဲ့အတွက် ကောင်းဖို့ထက် ဆိုးဖို့ကပိုများနေပါတယ်။ တခြားသူတွေလိုပဲ သူတို့မိသားစုလည်း သူတို့ကိုယ်တိုင် သူတို့ မသေချာတဲ့ အခြေအနေကြားမှာ ရှင်သန်နေထိုင်ဖို့ ရုန်းကန်ကြိုးစားနေရပါတယ်။ ကံတရားပေါ်တည်မှီနေတဲ့ သူတို့ရဲ့ ကံကြမ္မာကို သူတို့ကိုယ်တိုင် အဖြေရှာနေရပါတယ်။

**အကောင်းဆုံးကိုမျှော်လင့်ထား**

ဒီရာသီကိုတော့ အကောင်းဆုံးဖြစ်လာဖို့ မျှော်လင့်ထားပါတယ်။ ပြီးခဲ့တဲ့ ရာသီကတော့ ကျွန်တော့်ရဲ့ ပြောင်းဖူးစိုက်ခင်းက ပြောင်းဖူးငါးအိတ်ပဲ ထွက်တယ်။ ဟိုးအရင် ၂၀၁၉ တုန်းကတော့ အဲဒီရဲ့နှစ်ဆလောက်ထွက်တယ်။ တဖြည်းဖြည်းနဲ့ အထွက်နှုန်းတွေ ကျလာတယ်။ ပဲတွေကလည်း ရောဂါဘယတွေ ထူပြောတာကြောင့် အထွက်နှုန်းညံ့ပါတယ်။ ကျွန်တော် စိုက်ပျိုးလို့ရတာကို ပြန်ရောင်းရတယ်ဆိုတာ မဆိုစလောက်ပဲရှိပါတယ်လို့ ဒိုလိုက စိတ်ပျက်အားငယ်စွာနဲ့ ပြောပါတယ်။

မိုးလေဝသဌာနက ၂၀၂၀ အောက်တိုဘာလကနေ ဒီဇင်ဘာလအထိ မိုးနည်းမှုနဲ့ ကြုံတွေ့ခဲ့ပြီး ဒီနှစ်ရဲ့ မတ်လကနေ မေလအထိလည်း မိုးရွာတာနည်းခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။

**စားနပ်ရိက္ခာထောက်ပံ့မှုကို အသည်းအသန်လိုအပ်**

ခြောက်သွေ့တဲ့ မိုးခေါင်ဒေသနဲ့ တချို့တစ်ဝက်ခြောက်သွေ့တဲ့ မိုးခေါင်ဒေသ ၂၃ ခုမှာနေတဲ့ ကင်ညာ ပြည်သူ ၁ ဒသမ ၄ သန်းဟာ စားနပ်ရိက္ခာထောက်ပံ့မှုကို အသည်းအသန်လိုအပ်နေတယ်လို့ ကင်ညာတာဝန်ရှိသူတွေက ဖေဖော်ဝါရီလမှာ ပြောခဲ့ပါတယ်။ နှစ်ရာသီဆက်တိုက် မိုးခေါင်ရေရှားမှုနဲ့ ကြုံတွေ့ခဲ့တဲ့အတွက် အခုဆိုရင် အခြေအနေတွေဟာ ပိုဆိုးလာပါတယ်။ နိုင်ငံရဲ့ မိုးခေါင်ရေရှားတဲ့ဒေသတွေဖြစ်တဲ့ မြောက်ပိုင်းနဲ့ အရှေ့မြောက်ပိုင်း၊ ကမ်းရိုးတန်းဒေသတွေမှာ နေထိုင်တဲ့ ကင်ညာပြည်သူ ၂ ဒသမ ၁ သန်းဟာ နောက်ခြောက်လဆို စားနပ်ရိက္ခာအကူအညီတွေ လိုအပ်လာမှာ ဖြစ်ပါတယ်။

**အနာဂတ်ဖြစ်နိုင်ခြေကလည်း အခြေအနေဆိုးဖို့ပဲရှိ**

ကင်ညာနိုင်ငံဟာ ပြည်သူတွေကို အငတ်ဘေးဆိုက်စေမယ့် မိုးခေါင်ရေရှားခြင်းကို အမျိုးသားသဘာဝကပ်ဘေးအဖြစ် စက်တင်ဘာ ၈ ရက်က ကြေညာခဲ့ပါတယ်။ အနာဂတ်ဖြစ်နိုင်ခြေကလည်း နောက်ထပ် ဒီထက်အခြေအနေတွေ ပိုဆိုးဖို့ပဲရှိပါတယ်။ အောက်တိုဘာ မိုးရာသီဟာလည်း အရင်ကပျမ်းမျှမိုးရေချိန်ထက် လျော့နည်းပြီး မိုးရွာနိုင်တဲ့ အခြေအနေ ရှိနေပါတယ်။

ကြေညာချက် ထုတ်ပြန်လိုက်ခြင်းက သဘာဝအရင်းအမြစ်ရွှေ့ပြောင်းမှုကို ဖြစ်ပေါ်စေသလို တချို့လူသားချင်းဆိုင်ရာ ဖေးမကူညီမှုကို ဖြစ်စေပါတယ်။

အမျိုးသားမိုးခေါင်ရေရှားစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ စားနပ်ရိက္ခာထောက်ပံ့ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုကို ကျဉ်းမြောင်းစေခြင်း၊ လယ်ယာလုပ်ငန်းတွေကို ဆက်လက်မလုပ်ကိုင်နိုင်တော့ခြင်း၊ လယ်ယာလုပ်ငန်းအတွက် လိုအပ်တဲ့အကူအညီ ထောက်ပံ့မှုတွေကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း စတဲ့နှောင့်ယှက်ဟန့်တားမှုတွေဟာ ခြောက်သွေ့တဲ့ မိုးခေါင်ဒေသနဲ့ တချို့တစ်ဝက်ခြောက်သွေ့တဲ့ မိုးခေါင်ဒေသတွေကို ပိုဆိုးစေတယ်လို့ ပြောပါတယ်။

**ကိုယ့်မိသားစု အငတ်ဘေးနဲ့ ရင်ဆိုင်ရမယ်**

ဒိုလို တို့နေထိုင်တဲ့ ခြောက်သွေ့တဲ့ မိုးခေါင်ဒေသနဲ့ တချို့တစ်ဝက်ခြောက်သွေ့တဲ့ မိုးခေါင်ဒေသတွေမှာရှိတဲ့ လူတွေအားလုံး ဆင်းရဲမွဲတေမှုအဆင့် သတ်မှတ်ချက်အရ စားနပ်ရိက္ခာမလုံလောက်မှုကို အများဆုံး ရင်ဆိုင်ရနိုင်ပါတယ်။

မိုးရွာနောက်ကျရင် စိုက်ထားပျိုးထားတဲ့မျိုးစေ့တွေ သေနိုင်တဲ့ အန္တရာယ်ကိုလည်း ကြုံကြုံခံရသလို မြေကြီးထဲမှာထည့်ထားတဲ့ သွင်းအားစုတွေလည်း အဟောသိကံဖြစ်ကုန်မှာပါ။ မဆိုစလောက် မိုးရေလေးနဲ့ တစ်နိုင်တစ်ပိုင် ထွန်ယက်စိုက်ပျိုး အသက်မွေးနေတဲ့ ဒိုလို တို့လို လူတွေအတွက် တခြားစိုးရိမ်ပူပန်စရာလည်း ရှိပါသေးတယ်။ သိမ်းထားတဲ့ ပြောင်းဖူးဆန်အိတ်အနည်းငယ်ကို ကိုယ်စားဖို့နဲ့ တိရစ္ဆာန်ကျွေးဖို့ ဝေခွဲနေရတာပဲ ဖြစ်ပါတယ်။ ကိုယ်စားဖို့ လုပ်ပြန်ရင်လည်း တိရစ္ဆာန်တွေ အာဟာရပြတ်တောက်ပြီး ချည့်နဲ့လာမယ်။ ကိုယ်မစားပြန်ရင်လည်း ကိုယ့်မိသားစု အငတ်ဘေးနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

**စိုက်ပျိုးရေးဟာ နိုင်ငံစီးပွားရေးမှာ အဓိက ကျောရိုးဖြစ်**

ကုလသမဂ္ဂအစားအစာနဲ့ လယ်ယာစိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ဩဂုတ်လက ခြောက်သွေ့တဲ့ မိုးခေါင်ဒေသနဲ့ တချို့တစ်ဝက်ခြောက်သွေ့တဲ့ မိုးခေါင်ဒေသ ၂၃ ခုကို ဩဂုတ်လကနေ ဒီဇင်ဘာလအထိ ထောက်ပံ့ဖို့ အမေရိကန်ဒေါ်လာ ၈၇ သန်းလိုအပ်တယ်လို့ ပြောခဲ့ပါတယ်။

၀ ဒသမ ၈၁ ဟက်တာသာရှိတဲ့ သူ့ရဲ့ လယ်ထဲမှာ ပျားမွေးမြူရေးပါလုပ်နေတဲ့ ဒိုလိုက ရာသီဥတုပြောင်းလဲခြင်းက သူ့ရဲ့ စွန့်စားမြုပ်နှံမှုကိုလည်း အန္တရာယ်ဖြစ်စေတယ်လို့ ပြောပါတယ်။

အကယ်၍ ခြောက်သွေ့ရာသီသာ အချိန်ကြာမြင့်စွာ ဆက်လက်ဖြစ်ပေါ်နေမယ်ဆိုရင် ပျားတွေလည်း ရွှေ့ပြောင်းမှုတွေ ပြုလုပ်ကုန်တော့မှာပဲ ဖြစ်ပါတယ်။ အဲဒီလိုပဲ အလွန်ခြောက်သွေ့တဲ့ အခြေအနေပေါ် မူတည်ပြီး ပျားရည်ရဲ့ အရည်အသွေးဟာလည်း အပြောင်းအလဲရှိပါတယ်။

ကင်ညာရဲ့ စီးပွားရေးမှာ စိုက်ပျိုးရေးဟာ အဓိက ကျောရိုးမကြီးဖြစ်နေသေးသလို ကျေးလက်ဒေသကို အမှီပြုနေတဲ့လုပ်သားတွေလည်း များနေပါသေးတယ်။

ဒီလမှာ ထုတ်ပြန်လိုက်တဲ့ ပြည်တွင်းစီးပွားရေး အစီရင်ခံစာတစ်စောင်မှာတော့ နိုင်ငံရဲ့ စိုက်ပျိုးရေးဟာ ၂၀၁၉ ခုနှစ်မှာ ၂ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၂၀ ခုနှစ်မှာ ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာတာ ကိုဖော်ပြထားပါတယ်။ မိုးခေါင်ရေရှားမှုကို တုံ့ပြန်ဆောင်ရွက်ရာမှာ အစိုးရအနေနဲ့ အမေရိကန်ဒေါ်လာ ၁၈ သန်းစိုက်ထုတ်ပြီး အားသွန်ခွန်စိုက်လုပ်နေရပါတယ်။ သို့သော်လည်း အခြေအနေတွေ ဘယ်လိုဖြစ်လာမလဲဆိုတာကတော့ မပြောနိုင်သေးပါဘူး။ ။

**ကိုးကား-ဆင်ဟွာ**



ပြောင်းဖူးများကို အိတ်ထဲထည့်နေသော ကင်ညာလယ်သမားအချို့ကို တွေ့ရစဉ်။

> ■ **မဆိုစလောက် မိုးရေလေးနဲ့ တစ်နိုင်တစ်ပိုင် ထွန်ယက်စိုက်ပျိုး အသက်မွေးနေတဲ့ ဒိုလို တို့လို လူတွေအတွက် တခြားစိုးရိမ်ပူပန်စရာလည်း ရှိပါသေးတယ်။ သိမ်းထားတဲ့ ပြောင်းဖူးဆန်အိတ်အနည်းငယ်ကို ကိုယ်စားဖို့နဲ့ တိရစ္ဆာန်ကျွေးဖို့ ဝေခွဲနေရတာပဲ ဖြစ်ပါတယ်။ ကိုယ်စားဖို့လုပ်ပြန်ရင်လည်း တိရစ္ဆာန်တွေ အာဟာရပြတ်တောက်ပြီး ချည့်နဲ့လာမယ်။ ကိုယ်မစားပြန်ရင်လည်း ကိုယ့်မိသားစု အငတ်ဘေးနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။**

# ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၈၁၈ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၆၄ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၂၆၆ ဦးရှိ

(၂၂–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်–

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၁–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၁၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၁၈)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၆၈,၄၂၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၁,၆၆၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၁၅၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၄,၄၇၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၇,၂၆၆) ဦး ရှိပါသည်။

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁–၉–၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၆,၁၅၉,၀၃၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၃,၅၈၃,၅၄၉) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၅၇၅,၄၈၇) ဦးရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၁–၉–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၉,၇၄၂,၅၈၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၂–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၅၂)ခု | (၃၀၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၃)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၅)ခု | (၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၄)ခု | (၁၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၈)ခု | (၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၁)ခု | (၁၃၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၈၅)ခု | (၁,၃၄၃)ဦး |
| စုစုပေါင်း | (၂၀,၁၇၈)ခု | (၁,၈၁၈)ဦး |

**COVID–19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၁–၉–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၅၇၅,၄၈၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၅၈၃,၅၄၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၆,၁၅၉,၀၃၆) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၉,၇၄၂,၅၈၅) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂၂-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၂၄၆၇၉၁ | ၃၂၈၃၀၀၅၆ | ၆၉၆၉၁၈ |
| ၂။ | အိန္ဒိယ | ၃၃၅၃၁၄၉၈ | ၃၂၇၈၃၇၄၁ | ၄၄၅၈၀၁ |
| ၃။ | ဘရာဇီး | ၂၁၂၄၇၀၉၄ | ၂၀၂၅၀၁၉၈ | ၅၉၁၅၁၈ |
| ၄။ | ဗြိတိန် | ၇၄၉၆၅၄၃ | ၆၀၄၃၅၅၇ | ၁၃၅၄၅၅ |
| ၅။ | ရုရှား | ၇၃၃၃၅၅၇ | ၆၅၄၂၂၁၃ | ၂၀၀၆၂၅ |
| ၆။ | ပြင်သစ် | ၆၉၆၄၆၉၉ | ၆၆၈၂၉၈၉ | ၁၁၆၂၅၁ |
| ၇။ | တူရကီ | ၆၉၀၄၂၈၅ | ၆၃၈၈၃၈၀ | ၆၂၀၆၅ |
| ၈။ | အီရန် | ၅၄၇၇၂၂၉ | ၄၈၄၆၇၇၁ | ၁၁၈၁၉၁ |
| ၉။ | အာဂျင်တီးနား | ၅၂၄၃၂၁ | ၅၁၀၁၁၄၆ | ၁၁၄၅၇၉ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၃၆၂၂ | ၄၇၈၃၃၃၄ | ၁၂၅၉၆၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၂– ၉ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၉၈၆၇၈ | ၄၀၀၈၀၆၂ | ၁၄၀၉၅၄ |
| ဖိလစ်ပိုင် | ၂၄၁၇၄၁၉ | ၂၂၁၇၆၁၁ | ၃၇၂၂၈ |
| မလေးရှား | ၂၁၂၇၉၃၄ | ၁၈၉၇၃၈၃ | ၂၄၀၇၈ |
| ထိုင်း | ၁၅၁၁၃၅၇ | ၁၃၆၆၅၃၃ | ၁၅၇၅၃ |
| ဗီယက်နမ် | ၇၁၈၉၆၃ | ၄၈၇၂၆၂ | ၁၇၇၈၁ |
| မြန်မာ | ၄၅၁၆၆၃ | ၄၀၄၄၇၉ | ၁၇၂၆၆ |
| ကမ္ဘောဒီးယား | ၁၀၅၉၈၁ | ၉၈၆၅၅ | ၂၁၅၄ |
| စင်ကာပူ | ၇၉၈၉၉ | ၇၁၆၂၈ | ၆၅ |
| လာအို | ၁၉၉၅၂ | ၁၅၁၆၈ | ၁၆ |
| ဘရူနိုင်း | ၅၅၈၆ | ၃၇၇၀ | ၃၁ |

# ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မြေခံတပ်ရင်းများရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး ပုဏ္ဏားကျွန်းမြို့နယ်ရှိ နယ်မြေခံတပ်များမှ မွေးမြူရေးလုပ်ငန်းများအား လိုက်လံကြည့်ရှု စစ်ဆေးစဉ်။**



# ငပုတောမြို့နှင့် ကျုံပျော်မြို့တို့၌ အောက်ဆီဂျင်စက် တပ်ဆင်၊ စမ်းသပ်လည်ပတ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်ကူပြုစေရန် အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းတွင်ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ မြောက်ပိုင်းရပ်ကွက်၌ အောက်ဆီဂျင် ထုတ်လုပ်သည့် စက်ရောက်ရှိ တပ်ဆင်နေမှုနှင့် ကျုံပျော်မြို့၌ အောက်ဆီဂျင် ထုတ်လုပ်သည့် စက် စမ်းသပ်လည်ပတ်နေမှုကို သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီသို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၀၊ အမျိုးသမီး ၈၀ စုစုပေါင်း ၂၀၀တို့ကို အသီးသီး လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် –၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုအဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများလွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံး ဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၁ ခုမှ ငွေကျပ် တစ်သိန်းကျော်တန်ဖိုးရှိ အိမ်သုံးဆေးဝါး ၁၅၆ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈) နေရာ၌လည်း ၂၈ ရက်အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ခြောက်သောင်းကျော် တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းတို့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လူဦးရေ ၃၀၀၀၀ ကျော် ထိုးနှံနိုင်မည့် ကာကွယ်ဆေးများ ကျိုင်းတုံမြို့သို့ ပို့ဆောင်

**ကျိုင်းတုံ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ဆီနိုဖမ်းဆေး ၆၁၃၉၈ လုံးကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ ယမန်နေ့က ရောက်ရှိပြီး အဆိုပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ရှမ်းပြည်နယ် အရှေ့ပိုင်း ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ကျော်လင်းနှင့် တာဝန်ရှိသူများကလက်ခံသည်။

အဆိုပါကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ဆီနိုဖမ်းအမျိုးအစားသည် တစ်လုံးလျှင် လူဦးရေ ငါးဦး ထိုးနှံပေးနိုင်၍ လူဦးရေ ၃၀၆၉၀ အား ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း (Volunteer) များနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် ကိုဗစ်ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင် ဘီးလင်းမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် (၅၅)နှစ် အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံ ရှိသူများ၊ ကယ်ဆယ်ရေး စခန်းများနှင့် ယာယီတိုက်ပွဲရှောင် စခန်းများတွင်ရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု (၁၆)စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ် ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ၂၈၀၃ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာရှိ ဒေသခံ ' ဝ 'တိုင်းရင်းသား ၄၇၇၉ ဦး၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ ၁၄၅၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ ၃၁၆၈၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ခမောက်ကြီးမြို့နယ်တို့၌ ၁၈၉၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ၄၆၅၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တို့၌ ၁၀၄၆၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၂၈၄၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ၁၃၁၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခြောက်ခုတို့၌ ၂၃၆၇၉ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ၁၄၀၅၀ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ညောင်ဦးမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးမည့်နေရာပြောင်းလဲ

**ညောင်ဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများကို ယခင်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမတွင် ထိုးနှံပေးခဲ့ရာမှ ယခုအခါ ပြည်သူများ အလွယ်တကူ ထိုးနှံနိုင်ကြရန် ရွှေစည်းခုံ တောင်ဘက်စောင်းတန်း၌ ရွှေ့ပြောင်းထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေး ထိုးနှံသည့်နေရာ ပြောင်းလဲခြင်းကို ပြည်သူများသိရှိစေရန်အတွက် စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများက ကျေးရွာ၊ ရပ်ကွက်များ၌ လိုက်လံအသိပေးထားသည်။

ကျန်းမာရေး ဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အလိုက် အလေးထားဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့နယ်အတွင်း၌ အသက် ၅၅ နှစ်မှ ၅၉ နှစ်၊ အသက် ၆၀ နှစ်မှ အသက် ၆၉ နှစ်နှင့်အထက်၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများ၊ မကူးစက်နိုင်သော ရောဂါရှိသူများနှင့် ပထမအကြိမ် ကာကွယ်ဆေးထိုးပြီး ဒုတိယအကြိမ်ဆေးထိုးရန် ကျန်ရှိသူများအား စက်တင်ဘာ ၂၂ ရက်မှစ၍ နေ့စဉ်နံနက် ၉ နာရီမှစတင်ပြီး ရွှေစည်းခုံဘုရား ဝေဇယန္တာတန်ဆောင်း နေရာသစ် အပါအဝင် ပုဂံအထက၊ တောင်ဇင်းအထက၊ ငါ့သရောက်တိုက်နယ်ဆေးရုံတို့တွင် ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ပြည်သူများအား လိုက်လံအသိပေး နှိုးဆော်ထားကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေသန္တာ အောင်ထံမှ သိရသည်။ **မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ရွှေဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရေး အလှူငွေများလှူဒါန်း

**သီပေါ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွှေဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့သည် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒကိုခံယူကာ ဘုရားကြီးဘက်စုံပြုပြင်မှု လုပ်ငန်းများကို ရှေးမူရှေးဟန်မပျက် ဆောင်ရွက်လျက်ရှိသည်။ သမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်ဘုရားကြီး ပုရဝဏ်အတွင်း၌ မဟာသာသနာ့ ဗိမာန်တော်ကြီးကို တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ သဒ္ဓါကြည်လင် အလှူရှင်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လာရောက်ဖူးမြော် လှူဒါန်းလျက်ရှိသည်။ ပြင်ဦးလွင်မြို့ ကြယ်စင်ငြိမ်းချမ်း ရွှေရတနာရောင်းဝယ်ရေး မိသားစုက ယနေ့ နံနက်တွင် ဘက်စုံ ပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ် သုံးသိန်း ခုနစ်သောင်းကို ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် အဖွဲ့ထံ လာရောက် လှူဒါန်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၉ ဦးနှင့် အမျိုးသမီး ၃၀ စုစုပေါင်း ၆၉ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၆ ဦး အားလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

## မိုးညှင်းခရိုင်အတွင်းရှိ ကျေးရွာအုပ်စုများအသီးသီးမှ ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး ပရဟိတအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား စက်တင်ဘာ ၂၂

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာများတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွား မှု လျော့နည်းကျဆင်းစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။**

ညှိနှိုင်းဆွေးနွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် မြို့ပြများတွင် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်လာခဲ့ပြီး ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားလာသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကျေးရွာများရှိ ပရဟိတလူမှုရေးအဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြသည်ကို ဂုဏ်ယူမှတ်တမ်းတင်ရှိသလို ပံ့ပိုးကူညီမှုများကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ကျေးရွာများအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးတင်ပြကြပြီး ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဘွမ်ယွမ်က ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီပေးမှုဖြင့် သုံးရက်ကြာ နယ်လှည့်ဆေးဝါးကုသရေး ခရီးစဉ်အတွင်း မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်းမြို့၊ ဟိုပင်မြို့၊ မိုးကောင်း၊ နမ္မတီးမြို့များအပါအဝင် နန့်မွန်း၊ နမ္မား၊ လယ်မီး၊ ပင်းဘော၊ နမ္မန၊ တောင်နီနှင့် ဆားမော်ကျေးရွာများ၌ ပရဟိတလူမှုရေးအဖွဲ့များနှင့် မြေပြင်တွင် တွေ့ရှိရသည့် အခြေအနေများ၊ မြစ်ကြီးနားမြို့ ပေးဆပ်သူလူမှုကူညီရေးအသင်းမှ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် ကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကူညီဆောင်ရွက်နေကြသည့် လူမှုကူညီရေးအသင်းအဖွဲ့များက နယ်မြေတွင် ကြုံတွေ့ရသည့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ် ဝန်ကြီးချုပ်က ကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ မြေပြင်တွင် ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များအား ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် ဖောင်ဒေးရှင်းအဖွဲ့အနေဖြင့် ဒုတိယအကြိမ် နယ်လှည့်ကွင်းဆင်းပြီး ဆေးဝါးကုသရေးနှင့် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကာကွယ်ရေးသုံးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ပြည်နယ်(ပြန်/ဆက်)

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၂

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သိင်္ဂီရတနာသီလရှင်စာသင်တိုက်၊ တပ်ကုန်းမြို့နယ် ဘိုးဘွားရိပ်သာ၊ မြို့ဦးကျောင်းတိုက်(**အပေါ်ပုံ**)၊ ပဏ္ဍိတာရာမကျောင်းတိုက်၊ ညောင်လွန့်တောရကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု (စံပြ)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ဇေယျာသီရိ ကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ သောတိရာမသာသနာ့ဟိတကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ရှိ စန်းမေတ္တာသာမဏေကျော် စာသင်တိုက်၊ ဟိုင်းကြီးကျွန်းမြို့ရှိ သာသနာ့ဇောတိကာရုံကျောင်းတိုက်၊ ငရုတ်ကောင်းမြို့ရှိ ဓမ္မိကာရုံမြို့မကျောင်းတိုက်၊ ဓမ္မဝိဟာရကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာအဘယာ ရာမလှထွေကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးမှ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှလွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ခုနစ်ခုမှ ယာဉ်စီးရေ ၁၆ စီးဖြင့် အောက်ဆီဂျင်အရည် Bowser ယာဉ် နှစ်စီးဖြင့် ၄၃ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၁၅၇၉ ခု၊ Oxygen Plant ရှစ်ခု၊ အိမ်သုံး Oxygen Concentrator ၆၈ ခု၊ လက်အိတ် ၁၄ တန်နှင့် နှာခေါင်းစည်း (Mask) ၅၉ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် အရည် Bowser ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ရှစ်ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ခုနစ်ခုနှင့် ချင်းရွှေဟော်မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**






မြဝတီ၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၉-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ ဓမ္မသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၅ ပတ်ဝန်းကျင်ရေရှည်တည်တံ့ ကောင်းမွန်ဖို့ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့
- ၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'နှင်းယှဉ်၍မရသော'
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်'
- ၁၅:၄၅ Soccer View
- ၁၆:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
- ၁၇:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြ မြန်မာသံတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၅)

### mitv

- 07:01 News
- 07:27 Dawei - Tavoy, Travel To The Southern Part Of Myanmar
- 07:45 Mhaw Yaw Gyi Elephant Camp
- 08:01 Discovering Tribes: Taisun (Their Life and Customs) (Part-2)
- 08:24 An Ardent Aficionado Of Traditional Design
- 08:55 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song 'Blessing'
- 09:01 Myanma Pottery
- 09:26 Sweet Delicacy of Pathein
- 09:34 Dragon Boats And Traditional Customs In Tanintharyi
- 10:01 Mural Painting Bagan
- 10:13 Plastoleum Dieselt
- 10:32 The Strokes of Myanmar
- 11:01 Charming & Fragrant Sabai

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ရှမြင်စချင်ကော်ယော်(မိုနု)တို့ရဲ့ဓလေ့အသွင်

**ဝကေကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မြင်းခွာရွက်နှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရှမ်းရိုးရာအစားအစာ ရှမ်းထမင်းချဉ်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၂)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မောက်မယ်မြို့လေးတစ်နေရာက ပန်းတမော့လက်မှုပညာ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် စက်တင်ဘာ ၂၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၃၃) ကို စက်တင်ဘာ ၂၄ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၃၃)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ (၂၄၊ ၂၅၊ ၂၆)ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၇)ကို စက်တင်ဘာ ၂၄ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို TRIPLE "S" Music Band တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဇေယျာလင်း၊ ရတုခိုင်သဒ္ဒါစိမ့်၊ ရွှန်းလဲ့ရည်အောင်၊ မြင့်မြတ်သူ၊ အိဝေဖူးချိုနှင့် သွန်းအိန္ဒြေတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၉ - ၂၀၂၁

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၄၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၄၂/၁၂၁၀ ကျပ် | ၁၂၃၀/၁၂၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၄၉/၁၂၂၀ ကျပ် | ၁၂၄၅/၁၂၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၁၄၇/၁၂၁၅ ကျပ် | ၁၂၆၀/၁၂၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၃၀ /၁၂၇၅ ကျပ် | ၁၃၄၀/၁၃၆၀ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၁၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၀၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၈ . ၈၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၅၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၉၅ | ၈၄၅၅၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၅၅၆၉ | ၄၈၂၆၃၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၁၀၉ | ၂၂၃၄၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉ | ၂၄၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၇ | ၃၄၅၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်ကာလအလွန်တွင် ခရီးသွားနေရာတစ်ခုဖြစ်လာမည့် ပုပ္ပားတောင်ပတ်လည်ခရီးစဉ်

## မောင်မောင်ထိန် (ကျောက်ပန်းတောင်း)

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ခရီးစဉ်ဒေသငါးခုအပြင် သဘာဝအလှတရားများကို လေ့လာ လိုသူများအတွက် နောက်ထပ်ခရီးစဉ်သစ်အဖြစ် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးခရီးစဉ်ကိုလည်း တောတွင်းစွန့်စားခရီးစဉ်တစ်ခုအဖြစ် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းအနေဖြင့် ဖော်ဆောင်ထားရှိကြောင်း ညောင်ဦးမြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။**



ပုပ္ပားတောင်ပတ်လည်ခရီးစဉ်အတွင်း ပါဝင်သည့် သဘာဝကျောက်ရေကန်တစ်ကန်။

ညောင်ဦးမြို့နှင့် မိုင် ၃၀ ခန့်ဝေးကွာသည့် ကျောက်ပန်းတောင်းမြို့နယ်မှ ပုပ္ပားတောင်မကြီးခရီးစဉ်ကို စတင်ရန် ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းရှိ ကျောက်ပန်းတောင်းမြို့မှ မိတ္ထီလာမြို့အထွက် ခုနစ်မိုင်ခန့်အကွာမှ စတင်ဝင်ရောက်ရပြီး လဲဂွရွာ၊ လက်ပံအိုင့်ရွာသို့ စတင်ရောက်ရှိမည်ဖြစ်သည်။ လဲဂွရွာ၊ လက်ပံအိုင့်ရွာသို့ မရောက်မီ မကျည်းတိုင်းအုပ်စု ပြည့်ဝရွာမြောက်ဘက် မတ်တစ်ထောင် (ငရုံ့တောင်တန်း) တွင် တည်ထားကိုးကွယ်ထားသည့် မဟာဗုဒ္ဓငါးထောင်၊ မဟာဗောဓိငါးထောင်ကို ဝင်ရောက်လေ့လာဖူးမြော်နိုင်သည်။

မဟာဗောဓိငါးထောင်၏ အရှေ့ဘက်တွင် မြန်မာပြည်တွင် ပထမဆုံးတည်ဆောက်ခဲ့သည့် ကြက်မောက်တောင်ဆည်အတွင်း လက်လှော်လှေဖြင့် လှည့်လည်၍ ဆည်ပတ်ဝန်းကျင်ဒေသများ၊ ရုရှားနိုင်ငံ အင်ဂျင်နီယာများ တည်ဆောက်ထားခဲ့သည့်ကျောက်ထက်အက္ခရာမော်ကွန်းနှင့် ကြက်မောက်တောင်ဆည် နယ်နိမိတ်သတ်မှတ်ရေမှတ်တိုင်များ စိုက်ထူထားသည်များကို လေ့လာနိုင်သည်။

ကြက်မောက်တောင်ဆည်မှတစ်ဆင့် သုံးဖာလုံခန့်ကွာဝေးသည့် လဲဂွရွာထိပ်ရှိ ရွှေနတ်တောင် စေတီတော်ကိုလည်း ဖူးမြော်နိုင်သကဲ့သို့ ရှေးသက်ကြီးဘိုးဘွားများ၏ ပြောကြားချက်အရ ရွှေနတ်တောင်စေတီသည် ရွှေဖျင်းညီနောင်ညီအစ်ကိုနှစ်ဦး လာရောက်ဖူးမြော်သည့်စေတီတော်ဖြစ်ကြောင်းလည်း သိရသည်။

**❐ ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းသည် သဘာဝပေါက်ပင်များ ပေါကြွယ်ဝစွာ ကျန်ရှိနေသေးသော ဧရိယာအလွန်ကျယ်သည့် တစ်ခုတည်းသော သဘာဝတောကြီးဖြစ်ကာ ခရီးစဉ်ဒေသဖော်ဆောင်ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး သစ်တောပြုန်းတီးမှုကိုလည်း လျှော့ချပေးရာရောက်မည်ဖြစ်သည်**

လဲဂွရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာတွင် ငွေတွင်းတောင်စေတီကုန်းရှိ ငွေတွင်းတောင်စေတီနှင့် ဘုရားများ၊ လဲဂွရွာ၊ လက်ပံအိုင့်ရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် သဘာဝအတိုင်းဖြစ်တည်နေသည့် ဂဲမိုးအိုင်၊ ဂဲတစ်လုံးဆို့အိုင်၊ ဗျောဗျောကျအိုင်၊ စကောဝိုင်းအိုင်၊ လက်ငါးချောင်းအိုင်ခေါ် ငါးကြင်းပုံအိုင်ကြီးများကို သဘာဝအတိုင်း ရေအပြည့်ဖြင့် တွေ့မြင်နိုင်ပြီး အနောက်ဘက်အခြေတွင် ကျောက်သားမိုးမျှော်လျှိုရိုးကြီးအတွင်းသို့ အေးမြကြည်လင်သည့်ရေများကိုဖြတ်ပြီး ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

ထိုအရပ်ဒေသအခေါ် ဂဲမိုးအိုင်သည် သဘာဝလေးထောင့် ကန်နက်ကြီးပေါ် ကျောက်ဆိုင်ကြီးမိုးနေကာ လဲဂွနှင့် လက်ပံအိုင့်ရွာမှ နွားကျောင်းသား၊ဆိတ်ကျောင်းသားများသည် အဆိုပါ အမိုးကြီးပေါ်မှ ခုန်ချရေချိုးကြသည်။ ဗျောဗျောကျရေအိုင်သည် ရေတံခွန်အသေးစား သဖွယ်ဖြစ်နေပြီး လိုဏ်ထဲသို့ ရေစီးကျသံ တဗျောဗျော ကြားနေရခြင်းကြောင့်ခေါ်ကြခြင်း ဖြစ်သည်။ ဂဲတစ်လုံးစို့အိုင်သည် ကျောက်နံရံနှစ်ခုကြား ကြီးမားသည့် ခဲလုံးကြီးစို့နေပြီး ထိုကြီးမားသည့် ခဲလုံးကြီးအောက်ရှိ ရေအိုင်ကို ဂဲတစ်လုံးစို့အိုင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ လက်ငါးချောင်းအိုင်သည် ကျောက်နံရံတွင် လက်ငါးချောင်းပုံထွက်နေခြင်း(ငါးကြင်းခန္ဓာကိုယ်)နှင့် တူခြင်းကြောင့် ခေါ်ဝေါ်ခြင်းဖြစ်ပြီး စကောဝိုင်းအိုင်မှာ သဘာဝအတိုင်း ဝိုင်းဝိုင်းစက်စက်ဖြစ်နေခြင်းကြောင့် စကောဝိုင်းအိုင်ဟုခေါ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ပုပ္ပားတောင်မကြီးတောင်ဘက်ခြမ်း သဘာဝတောတွင်း စွန့်စားခရီးစဉ်ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) မှ သင်တန်းပို့ချထားသည့် ကျွမ်းကျင်လမ်းပြများက မိမိတို့သွားလိုသည့်ခရီးစဉ်အတိုင်း လိုက်ပို့ကြမည်ဖြစ်သည်။

လျှိုမြောင်ခရီးစဉ် သွားလိုပါက လျှိုမြောင်အတိုင်း ထန်းလယ်ချောင်း၊ ထောင့်မုံးပင်အိုင့်၊ လက်တန်းပင်အိုင့်၊ ကြို့ပင်လယ်ကျင်းအိုင့်၊ လိပ်သည်းပင်အိုင့်၊ ငါးပေါအိုင့်၊ ဇရစ်ပွက်အိုင်၊ ပေါက်ပင်လယ်ကျင်းအိုင့်များအတိုင်း သဘာဝတောတောင်ရေမြေများကို သဘာဝအတိုင်း လေ့လာနိုင်မည်ဖြစ်သည်။

ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းသည် သဘာဝပေါက်ပင်များ ပေါကြွယ်ဝစွာကျန်ရှိနေသေးသော ဧရိယာအလွန်ကျယ်သည့် တစ်ခုတည်းသော သဘာဝတောကြီးဖြစ်ကာ ခရီးစဉ်ဒေသဖော်ဆောင်ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး သစ်တောပြုန်းတီးမှုကိုလည်း လျှော့ချပေးရာရောက်မည်ဖြစ်သည်။

သဘာဝရေထွက်များကို လေ့လာလိုပါကလည်း ကြို့ချောင်းရေထွက်၊ ဝေစမ်းရေထွက်ကြီးများ ရှိနေသေးပြီး အဆိုပါရေထွက်ကြီးနှစ်ခုမှ ကျောက်ပန်းတောင်းမြို့ပေါ်နှင့် ဆည်ပေါက်စိုက်ပျိုးရေးခြံသို့ ရေပေးဝေနေသည်ကိုလေ့လာနိုင်သကဲ့သို့ ရေထွက်ငယ်များဖြစ်သည့် ဩဇာတောရေထွက်၊ ဇရစ်ပွက်ရေထွက်နှင့် ငါးပေါအိုင့်ရေထွက်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ ပုပ္ပားတောင်မကြီးမှ ထွက်ရှိသည့်ရေထွက်များကို ဒေသခံများ လယ်ယာမြေလုပ်ကိုင်စားသောက်ခဲ့ရာမှ နှစ်ကာလကြာလာသည့်အခါ သဘာဝဂေဟစနစ်များ ပျက်ယွင်းလာခြင်းကြောင့် လယ်ယာမြေလုပ်ကိုင်မရတော့သည့် ထန်းလယ်အိုင့်၊ ပေါက်ပင်အိုင့်၊ ထန်းလယ်ချောင်း၊ ကြို့ပင်လယ်ကျင်းများ စသည်တို့ကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ပုပ္ပားတောင်မကြီး ပတ်လည်တွင် သစ်ခွမျိုးစုံ အမျိုးပေါင်း ၅၀ ကျော်ရှိနေပြီး ဖယောင်းသစ်ခွ၊ မိုးလုံးမှိုင်း၊ စာကလေးဂေါင်းနီ၊ လိပ်ပြာသစ်ခွများသည် ဒေသမျိုးရင်းသစ်ခွများအဖြစ် နာမည်ကြီးကြောင်း၊ ရေထွက်များ ပတ်ဝန်းကျင်တွင်လည်း လိပ်ပြာမျိုးစိတ်များ အလွန်ပေါများသည့်အတွက် သတ္တဗေဒကျောင်းသား ကျောင်းသူများ အပါအဝင် လေ့လာလိုသူများအတွက် သွားရောက်သင့်သည့် ခရီးစဉ်ဒေသဖြစ်ကြောင်း၊ ပုပ္ပားတောင်မကြီးထိပ်မှ မြောက်ဘက်အခြေ ချွန်းမချောက်ကြီးထဲတွင် ပုပ္ပားမျိုးစိတ်သစ် မျောက်မြီးရှည်ကိုလည်း ပုပ္ပားတောင်မကြီး ဘေးမဲ့တောဥယျာဉ်မှ ခွင့်ပြုချက်ဖြင့် လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပုဂံဒေသမှ ယခင်ရှိပြီးခရီးစဉ်များဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်မှတစ်ဆင့် ကျောက်မျက်မော်ဘုရား၊ သဲပြင်တောကျေးရွာရှိ ရွှေနတ်တောင်စေတီနှင့် ရှုခင်းကြည့်စေတီကုန်း၊ သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်၊ ဇီးအိုကျေးရွာရှိ မန်ကျည်းကိုးခွနှင့် အင်ကြင်းတောငါ့သရောက်မြို့ စက်စက်ယိုကျေးရွာမှ သျှောင်ပေစူးကျေးရွာနှင့် ပလင်းကမ်းသာယာဆင်စခန်းတို့အပြင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးတောင်ဘက်ခြမ်း ခရီးစဉ်ကိုလည်း ခရီးစဉ်သစ်တစ်ခုအဖြစ် စတင်ဖော်ဆောင်နေပြီဖြစ်ရာ ကိုဗစ်ကာလအလွန်တွင် ရပ်ရွာအခြေပြု သဘာဝအခြေခံ တောတွင်းခရီးစဉ်များကို သွားရောက်နိုင်တော့မည် ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဦးမျိုးမင်းအောင်(လက်ထောက်ညွှန်ကြားရေးမှူး)က ရှင်းပြသည်။ လက်ရှိအချိန်တွင် အဆိုပါခရီးစဉ်အတွက် ပုပ္ပားတောင်မကြီးပတ်လည်တစ်ခုလုံးမှ ခရီးစဉ်ပြဒေသခံများကိုလည်း သင်တန်းများပေးထားပြီဖြစ်ကြောင်း သိရသည်။ ။

# ဘီးလင်းမြို့နယ်၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ဘီးလင်း စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေး၊ ကျေးလက်ဒေသရှိ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ သောက်သုံးရေရရှိရေးနှင့် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တွင်းနက် ကိုးတွင်း၊ တွင်းတိမ် နှစ်တွင်း၊ လက်တူးတွင်း တစ်တွင်း၊ စိမ့်စမ်းရေသွယ်တစ်ခုနှင့် အခြားလုပ်ငန်းတစ်ခု စုစုပေါင်း ၁၄ ခုတို့အား ကုမ္ပဏီခုနစ်ခုက တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့ပြီးနောက် ယခုအခါ လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်သည်။

အဆိုပါ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဘီးလင်းမြို့နယ်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိအင်ဂျင်နီယာများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုကဲ့သို့ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် သောက်သုံးရေရှားပါးမှုများကို လျှော့ချပေးနိုင်ပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝများလည်း အဆင်ပြေလာစေမည်ဖြစ်သည်။

မြို့နယ်

(ပြန်/ဆက်)

# နေပြည်တော် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနက နည်းပညာများ ဖြန့်ဝေပေးနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေတွင်တည်ရှိသည့် ရိတ်သိမ်းချိန်လွန်နည်းပညာဌာန (PHRI)၌ ခေတ်မီဓာတ်ခွဲခန်း ၁၀ ခုဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအတွက် နည်းပညာများဖြန့်ဝေပေးနေကြောင်းနှင့် အဆိုပါနည်းပညာများကိုလေ့လာချင်သူများအနေဖြင့် ရုံးအမှတ်(၁၅)ရှိ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်ဆက်သွယ်နိုင်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလှလှမြင့်ထံမှ သိရသည်။



ကြက်သွန်နီကို သိုလှောင်ခြင်းနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေစဉ်။

"စိုက်ပျိုးရေးဦးစီးဌာနနဲ့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီမှာ အဓိက ရိတ်သိမ်းချိန်လွန်နည်းပညာနဲ့ ပတ်သက်တဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်သလို ဘေးအန္တရာယ် ကင်းရှင်းပြီး အရည်အသွေး ပြည့်ဝကောင်းမွန်တဲ့ထုတ်ကုန်တွေ ဈေးကွက်မှာရောင်းချဖြန့်ဖြူးနိုင်ဖို့၊ စားသုံးသူတွေ ကျန်းမာရေး လူမှုဘဝသာယာရေးရနိုင်ဖို့ အဓိက ရည်မှန်းချက်ကြီးနဲ့ ဆောင်ရွက်နေတာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ရိတ်သိမ်းချိန်လွန်နည်းပညာလုပ်ငန်းတွေ ဖွံ့ဖြိုးပြီး ဒီဌာနမှာရှိတဲ့ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်နိုင်ဖို့၊ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်နည်းစနစ်တွေ ခေတ်မီနည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ နောက် ဒီလိုရိတ်သိမ်းချိန်လွန်နည်းပညာ အသိပညာတိုးတက်လာမယ်ဆိုရင် လယ်ယာထွက်ကုန်တွေ လေလွင့်ဆုံးရှုံးမှု လျော့နည်းလာပါမယ်။ ဒီအတွက်ရည်မှန်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရိတ်သိမ်းချိန်လွန် နည်းပညာဆိုတာ လယ်ယာထွက်ကုန်တွေ၊ စိုက်ပျိုးရေး ထွက်ကုန်တွေကို စားသုံးသူတွေ လက်ဝယ်ကိုရောက်တဲ့အချိန်အထိ သီးနှံတွေရဲ့ အရေအတွက်နဲ့ အရည်အသွေးပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုတွေနဲ့ ဆုံးရှုံးမှုတွေကို လျော့ကျစေဖို့အတွက် စိုက်ပျိုးထုတ်လုပ်တဲ့အချိန်ကနေ ရိတ်သိမ်းသွားပြီးတဲ့အထိ၊ အဲဒီကနေမှ ဆက်ပြီး စားသုံးသူဆီရောက်တဲ့အထိ အဆင့်ဆင့်မှာ စနစ်တကျ ဂရုပြုကြိုးပမ်းအားထုတ် လုပ်ဆောင်တာ ရိတ်သိမ်းချိန်လွန် နည်းပညာပဲ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးက ရှင်းပြသည်။

"သီးနှံတွေကို မခူးဆွတ် မရိတ်သိမ်းမီမှာ ပြုစုဆောင်ရွက်မှုတွေ အထူးဂရုစိုက်ဖို့လိုတယ်။ ဒါမှလည်း အရည်အသွေးကောင်းတဲ့ သီးနှံတွေ ရလာမယ်။ သီးနှံတွေ ရင့်မှည့်မှု မှန်ကန်တဲ့အချိန်မှာခူးသင့်တယ်။ သီးနှံတွေကိုအောက်ကိုပစ်ချတာမျိုးတွေ မလုပ်ရဘူး။ ခူးဆွတ်ပြီးပြီဆိုရင် သီးနှံတွေကို အအေးခံထားရမယ်။ ရေဆေးသင့်တဲ့ သီးနှံရေဆေးမယ်။ ရေဆေးဖို့မလိုတဲ့ သီးနှံဆိုမဆေးဘူး၊ အရွယ်အစားတွေကို အကြီး၊ အလတ်၊ အငယ်၊ အသေးတွေ ခွဲပေးရမယ်။ အရောင်တွေ ရောနှောပါဝင်တာတွေ၊ ပိုးထိုး၊ လောက်ကိုက်တာတွေဆို ဖယ်ရမယ်၊ အနာအဆာတွေဆို ဖယ်ရမယ်။ အဲဒီလို အတန်းအစားခွဲခြားတာတွေ လုပ်ဖို့လိုမယ်။ နောက်ပိုင်းမှာ သိုလှောင်နိုင်ဖို့ဆိုရင် သီးနှံတွေကို တိုက်ရိုက်သိုလှောင်မှာလား။ လေဝင်လေထွက်ကောင်းတဲ့ နေရာမှာ သိုလှောင်မှာလား။ ဘယ်လိုအိတ်တွေနဲ့ ထည့်ပြီးသိုလှောင်မလဲ၊ သိုလှောင်ထားတဲ့ ဒီဂရီတွေ ဘယ်လောက်ထားမလဲ၊ ဈေးကွက်ကိုပို့ပြီဆိုရင် ကားတွေမှာ ဖိသိပ်ပြီး တင်ထားတာမျိုးတွေ၊ ပစ်တင်တာမျိုးတွေ မလုပ်ရဘူး။ ဒီသီးနှံတွေ စားသုံးသူဆီရောက်သွားတဲ့အထိ ဈေးကွက် အဆင့်ဆင့်မှာ တောင်သူဆီလည်း ရောက်မှာပဲ၊ ပွဲစားဆီလည်းရောက်မှာပဲ၊ လက်လီရောင်းတဲ့သူလည်းရှိမယ်။ လက်ကားရောင်းတဲ့သူလည်းရှိမယ်။ ဒီလိုအဆင့်ဆင့်တွေမှာ သေသေချာချာ စနစ်တကျ ဂရုစိုက်လုပ်ဆောင်ဖို့ လိုပါမယ်။ ထုတ်လုပ်မှုကွင်းဆက်အဆင့်ဆင့်မှာ ပါဝင်ဆောင်ရွက်သူ လူတိုင်းလူတိုင်းက စနစ်တကျ ကိုင်တွယ်စီမံတဲ့ နည်းလမ်းတွေကို ဆောင်ရွက်သွားမယ်ဆိုရင် နောက်ဆုံးစားသုံးသူလက်ဝယ်မှာ အရည်အသွေးကောင်းပြီး အန္တရာယ်ကင်းတဲ့ သီးနှံတွေ စားသုံးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတွက်ဆိုရင် ရိတ်သိမ်းချိန်လွန်နည်းပညာ အရေးကြီးပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးက ဆက်ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းပြီး နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရှိ ရိတ်သိမ်းချိန်လွန် နည်းပညာဌာန (PHRI)ကို ၂၀၁၈ ခုနှစ် မေ ၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါဌာနသည် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲအောက်တွင် တည်ရှိပြီး သီးနှံစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ရောင်းချသူများအတွက် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေသကဲ့သို့ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် (ထုံးဘို)ရှိ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန (PHTTC) သည် သင်တန်းကျောင်းအဖြစ် နည်းပညာ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုပေါက်**
**(ဥက္ကာမြေ)**

# မိတ္ထီလာကန်ရေသောက်စနစ်ဖြင့် မိုးစပါးများ စတင်စိုက်ပျိုး

**မိတ္ထီလာ စက်တင်ဘာ ၂၂**

မိတ္ထီလာမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာ ၃၅ ရွာမှ ဒေသခံတောင်သူများ အနေဖြင့် မိတ္ထီလာကန်ရေသောက်စနစ်ဖြင့် မိုးစပါးများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် အတွင်းရှိ ဒေသခံ တောင်သူများသည် မိုးစပါးကို ဆည်ရေ၊ ကန်ရေများဖြင့် စိုက်ပျိုးကြသော်လည်း ဆည်၊ ကန်များ အလှမ်းဝေးသည့် ကျေးရွာများမှာ မိုးကောင်းသောက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ ဆည်ရေ၊ ကန်ရေစနစ်ဖြင့် စိုက်ပျိုးရာတွင် မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်း၊ ရှမ်းတဲ၊ လျော်ဖြူကန်၊ မကျီးစု၊ ကဖြူ၊ ကျောင်းရွာ၊ ညောင်ကန်၊ တောမ၊ ထမုန်ကန်၊ ညောင်ကိုင်း၊ ပျဉ်သာ၊ ရုံးတောကြီး ကျေးရွာအုပ်စုများ အတွင်းရှိ ကျေးရွာ ၃၅ ရွာမှ ဒေသခံတောင်သူများမှာ မိုးစပါးကို မိတ္ထီလာကန် ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးသည့်စနစ် သို့မဟုတ် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့် စနစ်များဖြင့် စိုက်ပျိုးလျက်ရှိသည်။

စပါးမျိုးများအနေဖြင့် အထွက်နှုန်းကောင်းသည့် မနောသုခမျိုးစပါးများကို အဓိက ရွေးချယ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဒေသခံတောင်သူများ မိတ္ထီလာကန်ရေသောက်စနစ်ဖြင့် မိုးစပါးများ စိုက်ပျိုးနိုင်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေကို ဩဂုတ် ၂၀ ရက်မှ စတင်၍ လွှတ်ပေးလျက်ရှိသည်။

မိတ္ထီလာမြို့နယ်၌ ယခင်နှစ်မိုးရာသီက မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် မိတ္ထီလာကန်အတွင်းသို့ ရေဝင်ရောက်မှုနည်းပါးခဲ့၍ မိုးစပါးစိုက်ပျိုးနိုင်ခြင်းမရှိသော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုများ၍ မိတ္ထီလာကန်အတွင်း ရေဝင်ရောက်မှု များလာသည့်အတွက် မိတ္ထီလာကန်ရေသောက်စနစ်ဖြင့် မိုးစပါးများကို စက်တင်ဘာ ၁ ရက်မှ စတင်စိုက်ပျိုးနေကြခြင်းဖြစ်ကာ ယနေ့အထိ ဧက ၁၂၀၀ ခန့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**





စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကသာမြို့ အလယ်ပိုင်းရပ်ကွက်ရှိ မြစေတီဘုရားအနီး၌ စက်တင်ဘာ ၂၁ ရက်က ဧရာဝတီမြစ်နှင့် ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲပြုလုပ်ရာ ကသာခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်ကျော်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အင်းသူကြီးများက နှစ်လက်မအရွယ် ငါးမြစ်ချင်း ကောင်ရေ ၅၀၀၀၀၊ ထိုင်းငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၀၀၀၀၀တို့ကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ကြစဉ်။

လူအောင် (ကသာ)

# သရက်ချောင်းမြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**သရက်ချောင်း စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သရက်ချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ကျွဲရေအိုင်ကျေးရွာတွင် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ သိမ်ကုန်းကျေးရွာတွင် ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း၊ ကင်းပုန်းခြံကျေးရွာတွင် မြေသားလမ်းခင်းခြင်းလုပ်ငန်း၊ ကျွဲဇပ်ကျေးရွာတွင် ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောသည်။

သရက်ချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာစုစုပေါင်း ၇၆ ရွာတွင် အကောင်အထည်ဖော်ခဲ့ပြီး ကျေးရွာများ၏လိုအပ်ချက်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်း ၇၆ ခုကို ပြည်သူလူထု၏သဘောဆန္ဒဖြင့် ရွေးချယ်၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးမိုးကျော်**

## ဒီပဲယင်းမြို့နယ်၌ မိုးသည်းထန်၍ ရေဦး-ဒီပဲယင်း-မုံရွာ ကားလမ်းတွင် ရေကျော်ပြီး စပါးခင်းများ ရေကြီးနစ်မြုပ်

**ဒီပဲယင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း စက်တင်ဘာ ၂၀ ရက်မှစတင်၍ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ရေဆိုးချောင်းမြောင်းများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး စပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ရေဦး-ဒီပဲယင်း-မုံရွာ ကားလမ်း ဒီပဲယင်းမြို့နှင့် နှစ်မိုင်အကွာ ငြိမ်းချမ်းရွာသစ်ကျေးရွာအနီးတွင် ရေကျော်လျက်ရှိသော်လည်း ခရီးသွားလာမှုအဆင်ပြေနေဆဲဖြစ်ပြီး ရေဆိုး ချောင်းပေါင်များ ကျိုးပဲ့ပျက်စီးခြင်းနှင့် စပါးစိုက်ခင်းများသာ ရေကြီးနစ်မြုပ်မှုရှိခဲ့ပြီး လူနှင့် လူနေအိမ်များ၊ တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေပြန်ကျတွင် မြစ်ကမ်းပါးပြို၍ နေအိမ်အချို့ ပြောင်းရွှေ့



**ပန်းတနော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဧရာဝတီမြစ်ရေပြန်ကျနေပြီဖြစ်ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းနှင့်နီးသော ကဿဝင်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ ဝါးအိမ်ခြောက်လုံးကို စက်တင်ဘာ ၂၀ ရက်က ကမ်းလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရသည်။

မြစ်ကမ်းပါးပြိုကျနေမှုကြောင့် မြစ်ကမ်းနှင့်နီးသည့် ကဿဝင်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ လူနေဝါးအိမ်ခြောက်လုံး၊ အိမ်ထောင်စု ခြောက်စု၊ လူဦးရေ စုစုပေါင်း ၃၄ ဦးတို့အား နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက ကမ်းပြိုသည့်နေရာနှင့် လွတ်ရာ မြေကွက်လပ်များပေါ်သို့လည်းကောင်း၊ နီးစပ်သည့်ဆွေမျိုးသားချင်းများ၏ နေအိမ်များသို့လည်းကောင်း ပြောင်းရွှေ့ပေးကြောင်း သိရသည်။

ကဿဝင်ကျေးရွာအုပ်စုသည် ဧရာဝတီမြစ်ကမ်းပါးဘေးတွင် တည်ရှိသောကြောင့် အလားတူ မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ခင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ အိမ်ခြေ ၇၀ ခန့် ယာယီရွှေ့ပြောင်း

**ခင်ဦး စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရှင်မင်းဒွေကျေးရွာတွင် စက်တင်ဘာ ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၇၀ ခန့် ယာယီရွှေ့ပြောင်းထားကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

အဆိုပါကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သက်တော်ရှည်၊ သက်တော်ရချောင်းနှင့် သရက်ကန်တို့မှ ရေများဝင်သဖြင့် အိမ်ခြေ ၇၀ ခန့် လူဦးရေ ၁၅၀ ခန့်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ရေဘေးလွတ်ရာ ရှင်မင်းဒွေဘုန်းကြီး ကျောင်းတိုက်သို့ ခေတ္တယာယီ ရွှေ့ပြောင်းထားပြီး ကျွဲ၊ နွား တိရစ္ဆာန်များကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်းနှင့် ရေကြီးမှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ရေဝင်ရောက်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းပြီး နံနက်စာ ထမင်းထုပ်များ ပေးဝေနိုင်ရေး စီစဉ်လျက်ရှိကြောင်း စိုက်ကွေ ထိခိုက်ပျက်စီးမှု စာရင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် အတူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝေအောင် (ပြန်/ဆက်)



ရှင်မင်းဒွေကျေးရွာ ရေများဝင်ရောက်နေစဉ်။




## ဗန်းမောက်မြို့နယ်၌ မိုးများ၍ ချောင်းရေလျှံသဖြင့် လူသုံးဦး သေဆုံးပြီး မော်တော်ယာဉ်တစ်စီး ရေမြုပ်

**ဗန်းမောက် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၌ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းနေမှုကြောင့် ချောင်းများတွင် ရေကြီးရေလျှံဖြစ်ပေါ်ကာ လူသုံးဦးသေဆုံးခဲ့ပြီး မော်တော်ယာဉ်တစ်စီးရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်မှစ၍ စက်တင်ဘာ ၂၁ရက်ထိ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် တောင်ကျချောင်းများမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ၂၁ရက် ညနေ ၃နာရီက ပေပင်ချောင်း၌ ဆီသယ်ဘောက်ဆာ ၁၂ဘီးယာဉ် တစ်စီး ချောင်းဖြတ်ကူးစဉ် ရေနစ်မြုပ်ခဲ့ပြီး ယာဉ်မောင်းဖြစ်သူမှာ လွတ်မြောက်ခဲ့ကြောင်း၊ ကုန်ပို့သွားလာနေကြသော ကားကြီး ကားငယ်များမှာ ချောင်းရေအကျကို စောင့်ဆိုင်းကာ ည ၇ နာရီမှ ဖြတ်ကူးခဲ့ကြရကြောင်း သိရသည်။ ထို့ပြင် ယင်းနေ့ ညနေ ၃ နာရီခွဲခန့်၌ ဗန်းမောက်ချောင်းရေကြီးရေလျှံမှုဖြစ်နေချိန် ချောင်းတစ်ဖက်ကမ်းမှရွှေကျင်၍ တဲသို့ပြန်လာကြသော ကန့်ဘလူမြို့နေ ယဉ်မင်းဦး (၁၈ နှစ်)၊ ဗန်းမောက်မြို့နယ် မံလူကျေးရွာနေ ထွန်းထွန်းလွင် (၂၀ နှစ်)နှင့် သရက်ကုန်းကျေးရွာနေ ထက်ဝေစိုး (၁၈ နှစ်) တို့သည် ညနေ ၃ နာရီခန့်တွင် ချောင်းကို ဖြတ်ကူးနေစဉ် တောင်ကျရေ တစ်ရှိန်ထိုးစီးဆင်းလာသောကြောင့် ရေထဲမျောပါ သေဆုံးသွားသည်။

ယခုနှစ်မိုးရာသီတွင် ဗန်းမောက်မြို့နယ်၌ ရေကြီးရေလျှံမှု သုံးကြိမ် ဖြစ်ပေါ်ခဲ့ရာ လူများသေဆုံးခဲ့ပြီး အိမ်ရှိပစ္စည်းများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ရေထဲမျောပါကာ စိုက်ပျိုးထားသောစပါးခင်းနှင့်အခြားသီးနှံပင်များ ရေနစ်မြုပ်ခံရပြီး ပျက်စီးဆုံးရှုံးမှုများ များစွာရှိခဲ့ကြောင်း သိရသည်။

လှိုင်ဘွား (ဗန်းမောက်)

## အင်းတော်မြို့နယ်တွင် ချောင်းရေကြီး၍ ကျေးရွာချင်းဆက်တံတားချဉ်းကပ်လမ်းမြေကျွံ

**အင်းတော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်ရွာသွန်းမှုကြောင့် ချောင်းရေကြီးပြီး တံတားချဉ်းကပ်လမ်းမြေကျွံကျမှု ဖြစ်ပွားခဲ့သည်။

မန္တလေး-မြစ်ကြီးနား မီးရထားသံလမ်းအနောက်ဘက် အင်းတော်မြို့နှင့် မိုင်ဝက်နီးပါးခန့်ရှိ ကျေးရွာချင်းဆက်လမ်းတွင် ကျေးရွာသူကျေးရွာသားများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် အရှည် ၄၅ ပေ၊ အကျယ် ၁၅ ပေ သစ်သားတံတား၏ နတ်မဟုတ်ကလေး ကျေးရွာဘက်ခြမ်း တံတားချဉ်းကပ်လမ်းတွင် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် လမ်းမြေပြိုမှုကြောင့် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ ဖြတ်သန်းသွားလာစဉ် အန္တရာယ်ရှိနိုင်သဖြင့် သတိထား မောင်းနှင်ကြရန် အသိပေးအမှတ်အသား ပြသထားကြောင်း ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

၀၇၉

## ဆဒ္ဒန်ဆည်တမံနှင့် စွန်ဆည်တမံရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

**မြို့သစ် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ဆဒ္ဒန်ဆည်ရေလှောင်တမံနှင့် စွန်ဆည်ရေလှောင်တမံသည် ယနေ့နံနက်ပိုင်းတွင် ရေပြည့်အမှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စွန်ဆည် ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၆ ဒသမ ၄ ပေဖြစ်၍ ရေပြည့်အမှတ်ထက် ၁ ဒသမ ၄ ပေခန့် ရေကျော်ကျလျက်ရှိကာ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၁ ဒသမ ၅ ပေရှိသဖြင့် ရေပြည့်အမှတ်ထက် တစ်ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိသည်။

ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆည်အနီးအနားနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် အရေးပေါ်အခြေအနေအဆင့်(၁) အဖြစ် အစိမ်းရောင်အလံ စိုက်ထူ၍ ဆက်လက်အသိပေး နှိုးဆော်ထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။

ဝင်းအိဇွန် (ပြန်/ဆက်)

## ငဝန်မြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျပြီး အိမ်များပြောင်းရွှေ့ရ

**ဟသ်ာတ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အင်္ဂရမ်းကျေးရွာအုပ်စု အုတ်ရှစ်ကုန်းကျေးရွာတွင် ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်နေသဖြင့် အိမ်အချို့ကို ပြောင်းရွှေ့နေရကြောင်း သိရသည်။

ကမ်းပြိုကျမှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် ကြိုတင်ပြောင်းရွှေ့နေရခြင်းဖြစ်ကာ စက်တင်ဘာ ၂၁ ရက်တွင် အိမ် ၁၃ လုံး၊ အိမ်ထောင်စု ၁၃ စုမှ လူဦးရေ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၅၅ ဦးတို့အား မြစ်ကမ်းပါးနှင့် ဝေးရာနေရာသို့ ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ကြောင်းနှင့် ကမ်းပါးပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်ကို ၂၀၂၃ တွင် အပြီးတည်ဆောက်မည်

**လားရှိုး စက်တင်ဘာ၂၂**

ရှမ်းပြည်နယ် ကွမ်းလုံမြို့၌ အသစ်တည်ဆောက်လျက်ရှိသော သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်နိုင်နိုင်ဦး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌဦးမြင့်ဆွေ၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌဦးညီနပ် နှင့်တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

အဆိုပါ သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ်တည်ဆောက်ရေးလုပ်ငန်းများမှ ယာယီကြိုးတံတားဆောက်လုပ်နေမှုများနှင့် ကွမ်းလုံဘက်ကမ်းတောင်ဖြတ်မြေလုပ်ငန်းဆောင်ရွက်နေမှုများ၊ သိန္နီဘက်ကမ်း တောင်ဖြတ်မြေလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်က ပြည်နယ်ဝန်ကြီးချုပ်ကို ရှင်းလင်းတင်ပြသည်။

တံတား၏ ကွမ်းလုံဘက်ကမ်းပိုင်း၌ တောင်ဖြတ်မြေလုပ်ငန်း ၇၀ ရာခိုင်နှုန်း၊ သိန္နီဘက်ကမ်းပိုင်း၌ တောင်ဖြတ်မြေလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးကာ ယာယီကြိုးတံတားမှာ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီး



တံတားတည်ဆောက်ရေးလုပ်ငန်းကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစဉ်။

အောက်တိုဘာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်းနှင့် သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာယီကြိုးတံတားတည်ဆောက်နေမှုများနှင့် တောင်ဖြတ်မြေလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့၌ မြန်မာ–တရုတ် နယ်စပ်စည်းရိုး ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာ လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လတ်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ထပ်မံဖွင့်လှစ်မည့် ချင်းရွှေဟော်– မိန်းတိန် နယ်စပ်ဂိတ်ပေါက်အဆိုပြုထားရှိသောနေရာများကို လိုက်လံပြသသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံကာ နိုင်ငံတော် ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရာတွင် "ပညာရေးကဏ္ဍ အရေးပါမှု၊ ပန်းခင်းစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသခံတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ကြပါရန်နှင့် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးရရှိမှုအလိုက် ဒေသခံပြည်သူများအား အလေအလွင့်မရှိ ဆေးထိုးနှံနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားခဲ့ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း အသုံးပြုရန် ကိုဗစ်–၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းသည်။

**ခရိုင်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့သို့ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများရောက်ရှိ

**ဂန့်ဂေါ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အောက်ဆီဂျင်အရေးပေါ်လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဂန့်ဂေါမြို့ ရွှေပြည်ဆိပ်ဦး ဘုရားအနီး သာသနာ့ဗိမာန် ဝင်းအတွင်း၌ တည်ဆောက်လျက် ရှိသော အောက်ဆီဂျင် စက်ရုံအတွက် မြို့ နယ်အတွင်းရှိ ရဟန်း၊ သံဃာများ၊ ဒေသခံပြည်သူများ၊ မြို့မိ၊ မြို့ဖများနှင့် စေတနာရှင်များ စုပေါင်း လှူဒါန်းထားသည့် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ ယမန်နေ့က စက်ရုံသို့ ရောက်ရှိပြီ ဖြစ်သည်။

အဆိုပါ ရောက်ရှိသည့် အောက်ဆီဂျင်စက်မှာ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုး အလုံး ၈၀ ခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ စက်ကိုတပ်ဆင်ရန် YEE SHIN ကုမ္ပဏီလီမိတက်မှ ကျွမ်းကျင်ပညာရှင်များ စက်တင်ဘာ ၂၄ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ စက်ရုံ၏ လျှပ်စစ်ပိုင်း လိုအပ်ချက်အတွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာကို အသုံးပြုမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းထားသည့် အောက်ဆီဂျင် စက်မှာလည်း လည်ပတ်နေပြီး ၂၄ နာရီတွင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုး အလုံး ၁၂၀ ထွက်ရှိနေပြီ ဖြစ်ကြောင်း၊ စက်ပစ္စည်းနေရာချရာတွင် Yaw Rescue အဖွဲ့နှင့် ခရိုင်ကြက်ခြေနီအသင်းတို့ လာရောက်ကူညီ ဆောင်ရွက်ကြောင်း



အောက်ဆီဂျင်စက်ကို ကရိန်းကားဖြင့် သယ်ချနေစဉ်။

အောက်ဆီဂျင်စက်ရုံဆောက်လုပ်ရေး ကော်မတီ အတွင်းရေးမှူးထံမှ သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ကြီးမှာ တရုတ်နိုင်ငံ ထုတ် (OY – 150) Oxygen Plant အမျိုးအစားဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်းတွင် အောက်ဆီဂျင်များ စတင်ထုတ်လုပ်လည်ပတ်နိုင်ရေးအတွက် ခရိုင် ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်နေကြောင်း၊ စက်လည်ပတ်နိုင်ပါက ၂၄ နာရီတွင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၈၀ခန့်ထုတ်လုပ်နိုင်မည်ဖြစ်၍ ဂန့်ဂေါမြို့နယ်အတွက်သာမက ထီးလင်း၊ ဆော၊ ကျောက်ထု မြို့နယ်အတွင်းရှိ ပြည်သူများ၏ အောက်ဆီဂျင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

## ကျောက်တံခါး၌ ဈေးများ ပြန်လည် ဖွင့်လှစ်နိုင်ရန် ဆွေးနွေး

**ကျောက်တံခါး စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ကိုဗစ်– ၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့နည်းလာ၍ မြို့အသီးသီးမှ ဈေးများကို မကြာမီရက်ပိုင်းအတွင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောက်တံခါးမြို့နယ်တွင် ကိုဗစ်– ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်းမှာ ယခုအခါ လျော့နည်းသွားပြီဖြစ်၍ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပုံမှန်ပြန်လည်ရောက်ရှိစေရေးအတွက် သတ်မှတ် ကိုဗစ်–၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ တောင်ကြီးအင်း၊ ဖဒိုမြို့တို့ရှိ မူလဈေးများကို နံနက် ၆နာရီမှ နံနက် ၁၀ နာရီအထိ ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြကာ ဈေးများကို သန့်ရှင်းရေးပြုလုပ်ပြီးနောက် ကိုဗစ်– ၁၉ ရောဂါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ချိန်အတွင်း မြို့နယ်ထဲရှိ မြို့များမှ မူလဈေးများပြန်လည်ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သည်။

အစည်းအဝေးသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်ဖေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝင်းနိုင်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စည်သူစန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုကော်မတီများနှင့် တောင်ကြီးအင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ဖဒိုမြို့များမှ ကိုဗစ်–၁၉ ကာကွယ်၊ထိန်းချုပ်ရေးအဖွဲ့များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ တက်ရောက်သည်။ **ခင်ကို(ကျောက်တံခါး)**

# လှည်းကူးမြို့နယ်၌ သံဃာတော်များနှင့် အလှူရှင်များ စုပေါင်းဝယ်ယူသည့် အောက်ဆီဂျင်စက်သစ်ရောက်ရှိ

**လှည်းကူး စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် အောက်ဆီဂျင်အခက်အခဲ မရှိစေရန်အတွက် မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းဝယ်ယူ လှူဒါန်းသော အောက်ဆီဂျင်စက်သစ်ကြီးသည် စက်တင်ဘာ ၂၀ ရက်က စခန်းကြီးကျေးရွာ စက်ရုံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိလာသည်။

ယခုရောက်ရှိလာသည့် အောက်ဆီဂျင်စက်သစ်သည် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ ပျမ်းမျှ အိုးအလုံးရေ ၉၀ မှ ၁၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အောက်ဆီဂျင်စက်သစ်ထားရှိသည့် အဆောက်အအုံ အပြီးသတ်ဆောက်လုပ်ခြင်းနှင့် စက်တပ်ဆင်မှုပြီးစီးပါက အမှန်တကယ် အောက်ဆီဂျင်လိုအပ်သော လူနာများအတွက် နေ့စဉ်ထုတ်လုပ် လှူဒါန်းမည်ဖြစ်ကြောင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးနှင့် ဖြန့်ဝေလှူဒါန်းရေးအဖွဲ့ အလုပ်အမှုဆောင် စခန်းကြီးတောရ (သုသာန်)ဆရာတော်ထံမှ သိရသည်။

အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးနှင့် ဖြန့်ဝေလှူဒါန်းရေးအဖွဲ့က စက်ရုံတွင် တည်အိုးအဖြစ် အသုံးပြုရန် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အရည်ပါအိုးများကို ကြိုတင်မှာယူထားရာ အောက်ဆီဂျင်စက် မှာယူထားသည့်ကာလအတွင်း အောက်ဆီဂျင်အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် အိုးတွင်းပါ အောက်ဆီဂျင်များနှင့် မြို့နယ် အောက်ဆီဂျင်ထောက်ပံ့ရေးအဖွဲ့ ထောက်ခံချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထုတ်ယူရရှိသော အောက်ဆီဂျင်များကို ပြည်သူ့ဆေးရုံကြီးနှင့် တိုက်နယ်ဆေးရုံများ အပါအဝင် ပရဟိတအသင်းအဖွဲ့များသို့ ဩဂုတ်လ ပထမပတ်မှ စက်တင်ဘာလ တတိယပတ်အထိ နေ့စဉ်ဖြန့်ဝေလှူဒါန်းမှုများ ပြုလုပ်ပေးကြောင်း သိရသည်။

**ကျော်ကျော်**
**(ပြန်/ဆက်)**





# ရှင်မာလဲ(သမိုင်းကြောင်းအစနှင့် ယဉ်ကျေးမှုသုတေသန) စာအုပ်ဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၂၂**

Bagan Princess စာအုပ်တိုက်မှ မြန်စာမြေသိန်းလွင် ရေးသားပြုစုသော ရှင်မာလဲ (သမိုင်းကြောင်းအစနှင့် ယဉ်ကျေးမှုသုတေသန) စာအုပ်ကို တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် စတင်ဖြန့်ဝေသည်။

အဆိုပါ စာအုပ်တွင် ရှင်မာလဲ ရဟန္တာ၏ ဝတ္ထုစတင် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအစနှင့် ရှင်မာလဲရဟန္တာနှင့် ပတ်သက်သော ယဉ်ကျေးမှု အထောက်အထားများကို သုတေသနပြု တင်ပြထားသည်။

ရှင်မာလဲဝတ္ထုသည် သီရိလင်္ကာနိုင်ငံမှ ပေါ်ထွက်လာသော မဓုရ ရသဝါဟိနီကျမ်းမှ ဝတ္ထုတစ်ပုဒ်ကို အခြေခံ၍ မြန်မာနိုင်ငံ၊ ပုဂံခေတ်ကာလကပင် ရှင်မာလဲဝတ္ထုဟူ၍ ရေးသားပေါ်ပေါက်ခဲ့ကြောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဆက်ဆံရေးအရ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလာကြောင်းတို့နှင့်ပတ်သက်၍ ရှေးဟောင်းကျောက်စာများ၊ သမိုင်းကျမ်းများ၏ အထောက်အထားများဖြင့် ရှင်မာလဲဝတ္ထု စတင်ဖြစ်ပေါ်လာပုံကို ဖော်ပြထားသည်။

ထိုရှင်မာလဲဝတ္ထုသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှရှိ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများသို့ ပျံ့နှံ့ ရောက်ရှိသွားပြီး ထေရဝါဒဗုဒ္ဓ ဘာသာပါဠိစာပေတွင် ထင်ရှားသော ကျမ်းစာတစ်ခုအဖြစ် တည်ရှိနေပေသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရှင်မာလဲဝတ္ထုကို အကြောင်းပြု၍ မြန်မာစာပေတွင် ပျို့၊ ကဗျာများ ပေါ်ထွန်းလာခြင်း၊ ညောင်ရမ်းခေတ် နံရံဆေးရေးပန်းချီများတွင် ရေးဆွဲသရုပ်ဖော်ခြင်း၊ ရှင်မာလဲစေတီဘုရားများ တည်ထားကိုးကွယ်ခြင်း၊ ရှင်မာလဲပွဲ၊ ဝေဿန္တရာဇာတ်တော်ကြီးရွတ်ဆိုပွဲများ ကျင်းပခြင်းတို့ကို မြန်မာနိုင်ငံအနှံ့တွင် ဒြပ်မဲ့ယဉ်ကျေးမှုများအဖြစ် ကျင်းပလျက်ရှိသည်ကို ရှာဖွေဖော်ထုတ်သုတေသနပြု ရေးသားထားသည်။ **သတင်းစဉ်**



ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌ စက်တင်ဘာ ၂၂ ရက်က အသက် ၅၅ နှစ်အထက်ရှိသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။
မျိုးမင်းသိန်း(မရမ်းကုန်း)

# ကရင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးခံရသော မိုးစပါးစိုက်တောင်သူများအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်




**ကော့ကရိတ် စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးခံရသော မိုးစပါးစိုက်တောင်သူများအတွက် ကော့ဘိန်းပညာရှင်များ သမိုင်းစာကြည့်တိုက်၌ မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်သည်။

**မြေဩဇာနှင့် ပိုးသတ်ဆေးပေးအပ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တိုးပွားလာသည့် လူဦးရေနှင့်အညီ များများစိုက်၊ များများမွေးကြဖို့လိုကြောင်း၊ သီးထပ်သီးညှပ်များ စိုက်ပျိုးလုပ်ကိုင်၍ တစ်ဧကအထွက်နှုန်း တိုးဖို့လည်းလိုကြောင်း၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ လိုအပ်ပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်တို့က ကော့ဘိန်း၊ ကော့ဂိုး၊ ကော့ပေါက်၊ မင်းရွာ၊ ပိုင်ရပ်၊ ကညင်ကတိုက်၊ ဘားဘုတ်ကျေးရွာအုပ်စုများမှ ရေကြီးနစ်မြုပ် မိုးစပါး ၁၆၂ ဧကအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်သည်။

**ဂုဏ်ပြုငွေပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ဘိန်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များအား Oxygen Concentrator တစ်စုံ၊ နှာခေါင်းစည်း ၃၀၀၀၊ Face Shield ၁၀၀ နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**နိုင်ငံသားကတ်ပေးအပ်**

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့ကရိတ်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ကော့ဘိန်း၊ ကော့ပေါက်ကျေးရွာအုပ်စုရှိ တိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးစိုးလွင်နှင့် ပြည်နယ်အစိုးရဝန်ကြီးများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို Phase 1 အဖြစ် အဆောက်အအုံ ၁၉၄ လုံး၊ အခန်း ၃၁၀၄ ခန်း ဆောက်လုပ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇)လမ်းမကြီးအနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ (၄)၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဒွေးက ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် MCEFနှင့် MLCA တို့အနေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အမြန်ဆုံး ပြီးစီးနိုင်သည့် အဆောက်အအုံများကို ပြီးစီးပါက လူနေထိုင်နိုင်ရေး နေရာချထားရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်နိုင်၊ MCEF နှင့် MLCA တို့မှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယခု တည်ဆောက်လျက်ရှိသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှာ ပြည်သူများအလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများ နေရေး ဖြေရှင်းပေးနိုင်ရန်အတွက် အခန်း ၁၀၀၀၀ စီမံကိန်းဆောင်ရွက်ရန် မူဝါဒအရ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ၇၀၄ ခန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၆၂၈၈ ခန်းနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ၃၀၀၈ ခန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့အငှားအိမ်ရာ စီမံကိန်း (ရန်ကုန်)သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းဆုံမှ သရက်ပင်ချောင်းရွာသွားလမ်းရှိ မြေဧရိယာ ၁၇၁ ဧကတွင် ဆောင်ရွက်လျက်ရှိပြီး Phase 1 အဖြစ် အဆောက်အအုံ ၁၉၄ လုံး၊ အခန်း ၃၁၀၄ ခန်းကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဖွင့်လှစ်သည့် သတင်းမီဒီယာသမားများ အရည်အသွေး မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် သတင်းမီဒီယာ ကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က မိမိတို့ကောင်စီ၏ သက်တမ်း ငါးလခန့်အတွင်း ဤသင်တန်းမျိုး နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ သတင်းမီဒီယာကောင်စီ၏ အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်မှာ စတုတ္ထမဏ္ဍိုင် ပီသစွာဖြင့် နိုင်ငံတော်၏ မျက်နှာကို ရှေးရှုဦးတည်သည့် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းတု သတင်းမှားများ ဆိတ်သုဉ်းရေးကို လေးလေးနက်နက် ဖော်ဆောင်ကြမည့် သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ပေးနိုင်ရေးတို့ပင် ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ယာပုံ)**

ဆက်လက်ပြီး သင်တန်းမှူး သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေး ကော်မတီ အဖွဲ့ခေါင်းဆောင် ဦးအောင်ပြည့်စုံက ကျင့်ဝတ်သည် သတင်းသမားများအတွက် အရေးကြီးဆုံးဖြစ်ကြောင်း၊ ယခုလို သတင်းအမှားများက ပြည်သူအတွက် အဆိပ်သင့်နေချိန်မှာ သတင်းအမှန်များကို အချက်အလက်များနှင့် ဖော်ပြနိုင်ရန် ယခုသင်တန်းတွင် ဆွေးနွေးခဲ့ကြပြီဖြစ်ကြောင်း၊နိုင်ငံတော်၏ ဒီမိုကရေစီတည်ဆောက်ရေး လမ်းကြောင်းတွင် မီဒီယာသမားများအနေဖြင့် ကျင့်ဝတ်နှင့်အညီ သတင်းရယူဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ကို ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ပေးအပ်ခဲ့ပြီး သင်တန်းသားများကလည်း သင်တန်းမှူး ဦးအောင်ပြည့်စုံကို စုပေါင်းလက်ဆောင်ပေးအပ်ခဲ့သည်။

စက်တင်ဘာ ၁၆ ရက် မှ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့သည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)ကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလအတွင်း သတင်းအမှားများကို ပြန်လည်ချေဖျက်ရေးသားနိုင်မည့် သတင်းအမှန်များကို အချက်အလက်နှင့် ဖော်ပြနိုင်ရေး၊ သတင်းသမားကျင့်ဝတ်ဥပဒေများနှင့် ရုပ်သံ၊ ကင်မရာ ရိုက်ကူးခြင်းများ အပါအဝင် သတင်းနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို ကောင်စီဝင် သင်တန်းနည်းပြများက ပို့ချခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်**

## မိန်းကလေးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၂**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အမှုဖွင့်**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အော်ရာအုပ်စု ဝါးရှောင်ကျေးရွာနေ မတင်တင်နွယ် (ခ) အိတုံက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မိုင်းနားဆိပ် အမှတ် (၇၅) လမ်းနေ မ---(၁၇ နှစ်)ကို တရုတ်နိုင်ငံရှိ ရေမွှေးစက်ရုံတွင် အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် မြစ်ကြီးနားမြို့မရဲစခန်း(ပ) ၄၄/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြစ်ကြီးနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် တရားခံ မတင်တင်နွယ်(ခ) အိတုံအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဖော့စက်ရုံမီးလောင်မှုဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ စက်တင်ဘာ ၂၁ ရက်က Jin Shwe Li ဖော့စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်(၁) ဆိပ်ကမ်းသာလမ်းရှိ ဒေါ်အိမွန်ဇင်ပိုင်ဆိုင်သည့် Jin Shwe Li ဖော့စက်ရုံမီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၄ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သွပ်မိုး/ကာတစ်ထပ်ဂိုဒေါင်နှစ်လုံး၊ ဖော့ဖြတ်စက်နှစ်လုံး၊ ဖော့ပြားလိပ်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ စက်ရုံအတွင်းရှိ ဖော့ဖြတ်စက်သို့ ဆက်သွယ်ထားသော ဘရိတ်ကာချို့ယွင်းပြီး အပူလွန်ကဲရာမှ မီးပွားထွက်၍ မီးစတင်လောင်ခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်းထိန်းသိမ်းရေးတာဝန်ခံ စိုးပိုင်အောင်(ခ) ညီညီ(၃၅နှစ်)အား လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြည်ကြီးတံခွန်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၁၃၀ လမ်းနှင့် ၅၈ လမ်းထောင့်အနီးတွင် သော်ဇင်ထွန်း မောင်းနှင်ပြီး စောသန့်ခိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ သော်ဇင်ထွန်း ကိုင်ဆောင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ဖမ်းဆီးရမိသည်။



အိုက်ပေါက်(ခ)အိုက်စိုင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် တာချီလိတ်-ဝမ်ပုံသွားကားလမ်း ဦးထွန်းအောင်တံတားအနီးတွင် အိုက်ပေါက်(ခ) အိုက်စိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ တိုက်အမှတ် ၈၄ ၏ ပထမထပ်(ခြေရင်းခန်း) တိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖြူဖြူအောင် ၁၂/ဥကတ(နိုင်)၁၇၈၈၃၅ ထံမှ တိုက်ခန်း၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၄၄၆)**
**ရုံး-အမှတ်(၂၄)၊ (၂)လမ်း၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၃၆၇၅၄၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊အကွက်အမှတ်(၆၀၆-အုတ်ဖို)၊ ဦးပိုင်အမှတ် (၉၂/င)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၄ ဧကရှိမြေအား မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မှတ်ပုံတင်(၁-က)စာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှလှဝင်း အမည်မှ ကျွန်တော်ဦးအောင်မြတ်၏ အမည်သို့ အမည်ပြောင်းလဲခွင့်လျှောက်ထားသည်ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်မြတ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝင်းအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၄၃) ၂၇-၁-၂၀၁၅**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းဈေးကြိုရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ ကျွန်းရွှေဝါလမ်း၊ မြေကွက်အမှတ် ၉၃၁(က)၊ မြေဧရိယာ ၁၃၂၀စတုရန်းပေ၊ ၀ ဒသမ ၀၃၀ဧကရှိ မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးပါချို ၁၂/သဃက(နိုင်)၂၁၃၆၈၀ ထံမှ ကျွန်ုပ်ဒေါ်ခင်လေးသိမ့် ၁၂/ရကန(နိုင်)၀၀၆၁၁၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးသိမ့်**
**၁၂/ရကန(နိုင်)၀၀၆၁၁၀**
**ဖုန်း-၀၉-၂၆၂၆၄၃၂၃၉၊ ၀၉-၇၉၆၃၄၅၁၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

